ကန့်ဘလူမြို့၊ ထိမ်တောရွာ

ထိမ်တောဆရာတော်

စေတိယပဋိသင်္ခရဏဝိနိစ္ဆယကျမ်း



ဒုတိယအကြိမ်

၁၃၇၂ ၂၀၁၀

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤစေတိယပဋိသင်္ခရဏာဝိနိစ္ဆယကျမ်းကြီးကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္ထနိကကုသိုလ်ပြုသော
ဓမ္မဒါန ဒါယကာ

မိဘ, အစ်ကို, အစ်မများကို အမှူးထား၍

ဦးမျိုးဝင်း

ဒါရိုက်တာ (M.F.F. Co., Ltd)

အမှတ် (နှ-၅/စ)၊ ၄၁-လမ်း၊ ၆၃×၆၄-ကြား၊
မဟာမြိုင် (၂) ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့.

ကောင်းမှု

စေတိယပဋိသန်ရဏဝိနိစ္ဆယကျမ်း

ထိမ်တောဆရာတော်

ကန့်ဘလူမြို့၊ ထိမ်တောရွာ

ထိမ်တောဆရာတော်

စေတိယပဋိသင်္ခရဏာဝိနိစ္ဆယကျမ်း



ဒုတိယအကြိမ်

၁၃၇၂ ၂၀၁၀

ပုံနှိပ်မှတ်တမ်း

၁။ ပထမအကြိမ်
၁၂၇၈-ခုနှစ်၊ တပေါင်းလ။

ဒုတိယအကြိမ်
အုပ်ရေ (၁,၀၀၀)
၁၃၇၂-ခုနှစ်၊ (၂၀၁၀-ခုနှစ်)

ရွှေသုဝဏ်ကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ
လျှုဒါန်းသည်။
ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့
ကြီးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ၀၂၄၄၀၅) က
ပုံနှိပ်ထုတ်ဝေသည်။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
-	ကျမ်းဖြစ်ပေါ်လာပုံ	၁၁
-	လျှောက်ထားတောင်းပန်လွှာ	၁၃
၁။	ပဌမပုစ္ဆာ	၁၅
၂။	ဒုတိယပုစ္ဆာ	၁၅
၃။	တတိယပုစ္ဆာ	၃၃
၄။	စတုတ္ထပုစ္ဆာ	၃၉
၅။	ပဉ္စမပုစ္ဆာ	၄၁
၆။	ဆဋ္ဌမပုစ္ဆာ	၄၄
၇။	သတ္တမပုစ္ဆာ	၄၆
-	ဗုဒ္ဓစာပေအဖွဲ့	၅၃

ကန့်ဘလူမြို့၊ မြေစာရင်းအင်စပိတ်တော်
မောင်ကျော်မြတ် လျှောက်ထားတောင်းပန်ချက်အရ
မူလဓမ္မဝိသောဓနီကျမ်း, ပုစ္ဆာနယပကာသနီကျမ်းများကို
ရေးသားတော်မူသော

ထိမ်တောဆရာတော်ဘုရားသည်

ပါဋိတော်, အဌကထာ, ဋီကာတို့မှ ထုတ်နုတ်၍
ရေးသားဆုံးဖြတ်တော်မူသော

စေတိယပဋိသင်္ခရဏဝိနိစ္ဆယကျမ်း

ကို မြေစာရင်းအင်စပိတ်တော် မောင်ကျော်မြတ်က
ဓမ္မဒါနဖြစ်စေရန် ဝေငှလှူဒါန်းပါသည်။

မန္တလေးမြို့၊ မြန်မာချစ်ဆွေပိဋကတ်ပုံနှိပ်တိုက်

၁၂၇၈ တပေါင်းလ

ထိမ်တောဆရာတော်

စေတိယပဋိသင်္ခရဏာဝိနိစ္ဆယကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကျမ်းဖြစ်ပေါ်လာပုံ

ကန့်ဘလူ မြို့ရှေ့ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူသော-

- မူလဓမ္မဝိသောဓနီကျမ်း,
- ပေါရာဏဝံသဒီပနီကျမ်း,
- ပဋ္ဌာနယပကာသနီကျမ်း,
- နိပါတတ္ထဝိဘာဝနီကျမ်း,
- ဝိနယပဋ္ဌာဝိသဇ္ဇနာကျမ်း,
- ဘာဝနာနယသင်္ဂဟကျမ်း,
- အညဝါဒီဝါဒဝိဘဋ္ဌိဒီပကကျမ်း,

စေတိယပဋိသင်္ခရဏာဝိနိစ္ဆယကျမ်း

- ဒ္ဒါဝိသတိဝိသဇ္ဇနာ,
- သတ္တမပုစ္ဆာဝိသဇ္ဇနာ,
- တိကပုစ္ဆာဝိသဇ္ဇနာ-

အစရှိသော ကျမ်းအမျိုးမျိုးနှင့် အဖြေဝိသဇ္ဇနာအမျိုးမျိုးတို့ကို ရေးထုတ်ဖြေဆိုတော်မူသော ထိမ်တောဆရာတော်ဘုရားအထံ၌ လျှောက်ထားတောင်းပန်၍ ဖြေဆိုတော်မူအပ်သော **စေတိယပဋိသင်္ခရဏာဝိနိစ္ဆယကို** မြေစာရင်းအင်စပိတ်တော် **မောင်ကျော်မြတ်**-က ဓမ္မဒါနဖြစ်စေခြင်းငှာ စက်တင်ပုံနှိပ်၍ လျှုဒါန်းဝေငှလိုက်ပါသည်။

အကြောင်းမှာ ကျွန်တော်သည် ဘိုးဘွားများလက်ထက်က တည်ထားသော စေတီတော်နှင့် မုခ်လိုဏ်ရုပ်ပွါးဘုရားသည် ပျက်စီးယိုယွင်းသည်ဖြစ်၍-

သင့်ရာအရပ်တပါးသို့ ရွှေ့ပြောင်း အသစ်ပြုလုပ် ကိုးကွယ်မည် ကြံစည်ပြောဆိုရာ **အချို့က မအပ်, အချို့က အပ်**၊

အရပ်ရပ်စကားများ၍ စိတ်ကို ပိုင်ပိုင် မခွဲနိုင်၍ နောက်ကညွှန်ပြအပ်သော ကျမ်းပြုဆရာတော်ထံ လျှောက်ထားတောင်းပန်မှ ၎င်းအဆုံးအဖြတ်ကို ရ၍-

ပျက်စီးယိုယွင်းသော စေတီတော်နှင့် မုခ်လိုဏ်ရုပ်ပွါးဘုရားကို သင့်ရာသို့ ရွှေ့ပြောင်း အသစ်ပြုပြင် တည်ထားကိုးကွယ်ရ၍ ကုသိုလ်ဖြစ်ပွါးပါကြောင်း၊ မိတ်ဆွေအပေါင်းတို့သည်လည်း ဤကဲ့သို့ ကုသိုလ်ထုပ်အမွေခံများကို ရကြပါလျှင် မတွန့်မတို ကြည်ညိုသောစိတ်ဖြင့် ပြုလုပ်မှုအပြစ်မရှိ၊ ပြုလုပ်သင့်ကြောင်းကို သိကြပါစေခြင်းငှာ လျှုဒါန်းဝေငှလိုက်ပါသည်- သူတော်ကောင်း မိတ်ဆွေအပေါင်းတို့။

လျှောက်ထားတောင်းပန်လွှာ

ဘုရားတပည့်တော် **ကန့်ဘလူမြို့**၊ တောင်ပိုင်း၊ **ဆီးကုန်းရွာ**နေ **မြေစာရင်းအင်စပိတ်**တော် **မောင်ကျော်မြတ်** ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် အရှင်သူမြတ်ဘုရား။

တပည့်တော်မှာ **ရွှေဘိုမြို့**တောင်၊ **ရှားတောရွာ**တွင် ဘိုးဘွားများ တည်ထားခဲ့သော **စေတီတော်ကြီး**သည် ပျက်စီးယိုယွင်းရှိနေသည်ကို **အ**သစ်ထပ်မံပြုပြင် ကိုးကွယ်လိုပါသောကြောင့် အောက်ပါအချက် စကား များ၌ ဒိဟာမကင်းရှိပါ၍ ဝိနိစ္ဆယ ကယ်မသနားတော်မူပါမည့်အကြောင်း လျှောက်ပါသည် အရှင်သူမြတ်ဘုရား။

၁။ မူလစေတီတော်တွင် အုတ်ရုပ်ပွါးမြတ်ဘုရားကို မြောက်ဘက်မှ အနောက်ဘက်သို့ ဖျက်၍ ရွှေ့ပြောင်း အသစ်ထပ်မံ တည်ထိုက်, မတည်ထိုက်၊

၂။ ၎င်းစေတီတော်၏ အနီးအပါး၌ ပျက်စီးယိုယွင်းသော စေတီ ၂-ဆူ ကို ဖျက်ယူ၍ ၁-ဆူတည်း ရောပြီးလျှင် တည်ထိုက်,မတည်ထိုက်၊

၃။ တပည့်တော် ထပ်မံတည်ထားသော စေတီတော်သည် မူလစေတီ တော်ထက် ကြီးသော်လည်းကောင်း သေးငယ်သော်လည်းကောင်း တည်ထိုက်, မတည်ထိုက်၊

၄။ ဘိုးဘွား,မိဘတို့က တည်ထားခဲ့သော စေတီတော်ကို ထပ်မံပြင်ဆင်ရသည့်အတွက် ဘိုးဘွား,မိဘတို့မှာ အမျှမဝေဘဲနှင့် ကုသိုလ် ရ,မရ၊

၅။ ဘုရားအိုကို ပြင်ဆင်ရသည့်အတွက် လောကီ, လောကုတ္တရာ အကျိုးပေးပုံအကြောင်း၊

၆။ စေတီတော်ကို ပြင်ဆင်ပြီး၍ ရဟန်းသံဃာတော်များနှင့် အနေ-ကဇာတင်သောအခါ ဇာတ်,ရုပ်သေးတို့နှင့် ပြုလုပ်လျှင် သံသရာ ပြစ်ဝန် လွတ်,မလွတ်အကြောင်း၊

၇။ ၎င်းစေတီငယ် ၂-ဆူကို ဖျက်၍ ရွှေ့ပြောင်းသော နေရာ၌ သိမ်သမုတ်ခြင်း, အရုဏ်ခံပြာသာဒ် ဆောက်လုပ်ခြင်းကို ပြုလျှင် သံသရာ ပြစ်ဝန် လွတ်, မလွတ်အကြောင်း-

၎င်းမေးလျှောက်သော **ပုစ္ဆာ ၇-ချက်**များကို ဝိနိစ္ဆယ ကယ်မသနားတော်မူ ပါဘုရား။

အင်စပိတ်တော် မောင်ကျော်မြတ် လျှောက်ထားအပ်သော ပုစ္ဆာ ၇-ရပ်ကို **ကန့်ဘလူမြို့**အပိုင်၊ **ထိမ်တောရွာကျောင်း**တိုက်၌ သီတင်းသုံးနေသည့်အခိုက် **တေဇဝန္တ**အမည်ရသော **မထေရ်**မြတ် ဖြေဆိုအမိန့်ရှိလိုက်သည်မှာ-

[၁။ မူလစေတီတော်တွင် အုတ်ရုပ်ပွါးမြတ်ဘုရားကို မြောက်ဘက်မှ အနောက်ဘက်သို့ ဖျက်၍ ရွှေပြောင်း အသစ်ထပ်မံ တည်ထိုက်, မတည်ထိုက်၊

၂။ ၎င်းစေတီတော်၏ အနီးအပါး၌ ပျက်စီးယိုယွင်းသော စေတီနှစ်ဆူကို ဖျက်ယူ၍ ၁-ဆူတည်း ရောပြီးလျှင် တည်ထိုက်, မတည်ထိုက်၊]

ပဌမပုစ္ဆာ, ဒုတိယပုစ္ဆာ ၂-ရပ်၌-

လောဟိတုပွါဒေ တထာဂတသ အဘေဇ္ဇကာယတာယ ပရူပဂ္ဂမေန စမ္မစ္ဆေဒံ ကတ္တာ လောဟိတပဋ္ဌရဏံ နာမ နတ္ထိ၊ သရီရသ ပန အန္တောယေဝ ဧကသ္မိံ ဌာနေ လောဟိတံ သမောသရတိ။

ဒေဝဒတ္တေန ပဒ္ဓိဝိဒ္ဓသိလာတော ဘိဇ္ဇိတ္တာ ဂတာ သက္ခလိကာပိ တထာဂတသ ပါဒန္တံ ပဟရိ။ ဖရသုနာ ပဟဋ္ဌော ဝိယ ပါဒေါ အန္တော လောဟိတောယေဝ အဟောသိ။ တထာ ကရောန္တသ အာနန္တရိယံ ဟောတိ၊

ဇဝကော ပန တထာဂတသ ရုစိယာ သတ္ထကေန စမ္မဆိန္နိတ္တာ တမ္မာ ဌာနာ ဒုဋ္ဌလောဟိတံ နိဟရိတ္တာ ဖာသုက'-မကာသိ။ တထာ ကရောန္တသ ပုညကမ္မမေဝ ဟောတိ။

အထ ယေ စ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမ္ပိ ဥပဂ္ဂမန္တိ၊ တေသံ ကိံ ဟောတီတိ?

ဘာရိယံ ကမ္မံ ဟောတိ အာနန္တရိယသဒိသံ။

သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓယမာနံ ဗောဓိသာခဉ္စ ဆိန္ဒိတုံ ဝဋ္ဋတိ။

သစေ ပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။

ပရိဘောဂစေတိယတော ဟိ သရီရစေတိယံ မဟန္တတရံ။

စေတိယဝတ္ထုံ ဘိန္ဒိတွာ ဂစ္ဆန္တံ ဗောဓိမူလမ္ပိ ဆိန္ဒိတွာ ဟရိတုံ ဝဋ္ဋတိ။

ယာ ပန ဗောဓိယာ သာခါ ဗောဓိဃရံ ဗာဓတိ၊ တံ ဂေဟ-ရက္ခဏတ္ထံ ဆိန္ဒိတုံ နလဗ္ဘတိ။ ဗောဓိအတ္ထဉ္ဍိ ဂေဟံ၊ နဂေဟတ္ထာ-ယ ဗောဓိ။ အာသနဃရေပိ ဧသေဝ နယော။

ယသ္မိံ ပန အာသနဃရေ ဓာတု နိဟိတာ ဟောတိ။ တဿ ရက္ခဏတ္ထာယ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။ ဗောဓိဇဂ္ဂနတ္ထံ ဩဇောဟရဏသာခံ ဝါ ပူတိဌာနံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။ သရီရဇဂ္ဂနေ ဝိယ ပုညမ္ပိ ဟောတိ။

ဟု **သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဉာဏဝိဘင်းအဖွင့်** (နှာ-၄၀၈။ အံ၊၄၊ ၁။၃၅၅)၌ လာသည်။

လောဟိတုပ္ပါဒေ၊ လောဟိတုပ္ပါဒကံ၌။ တထာဂတဿ၊ ဘုရား ရှင်၏။ အဘေဇ္ဇကာယတာယ၊ မကွဲမပြတ်နိုင်သောကိုယ်တော် ရှိတော်မူ သည်၏အဖြစ်ကြောင့်။ ပရူပက္ကမေန၊ သူတပါး၏ လုံ့လဖြင့်။ စမ္မစ္ဆေဒံ၊ အရေတော် ပြတ်ခြင်းကို။ ကတွာ၊ ပြု၍။ လောဟိတပဂ္ဃရဏံ နာမ၊ သွေးယိုကျခြင်းမည်သည်။ နတ္ထိ၊ မရှိ။ သရီရဿ ပန၊ ကိုယ်တော်၏ကား။ အန္တောယေဝ၊ အတွင်း၌သာလျှင်။ ဧကသ္မိံ ဌာနေ၊ တစ်ခုသောနေရာ၌။ လောဟိတံ၊ သွေးသည်။ သမောသရတိ၊ စု၍ တည်၏။

ဒေဝဒတ္တေန၊ ဒေဝဒတ်သည်။ ပဋ္ဌိဝိဒ္ဓသိလာတော၊ ပစ်လှိမ့်အပ်သောကျောက်မှ။ ဘိဇ္ဇိတ္တာ၊ ကွဲပြု၍။ ဂတာ၊ ထွက်သွားသော။ သက္ခလိ-ကာပိ၊ ကျောက်ခြမ်းသည်လည်း။ တထာဂတဿ၊ ဘုရားရှင်၏။ ပါဒန္တံ၊ ခြေတော်စွန်းကို။ ပဟာရိ၊ ခတ်မိ၏။ ပါဒေါ၊ ခြေတော်သည်။ ဖရသုနာ၊ ပုဆိန်ဖြင့်။ ပဟာရော ဝိယ၊ ခုတ်သကဲ့သို့။ အန္တော၊ အတွင်း၌။ လောဟိ-တောယေဝ၊ သွေးကြေစု၍ တည်သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။ တထာ၊ ထိုဒေဝဒတ်နှင့်အတူ။ ကရောန္တသ၊ ပြုသောသူအား။ အာနန္တရိယံ၊ အာနန္တရိယကံ ထိုက်သည်။ ဟောတိ၊ ဖြစ်၏။

ဇိဝကော ပန၊ ဇိဝကသည်ကား။ တထာဂတဿ၊ ဘုရားရှင်၏။ ရုစိယာ၊ အလိုတော်ဖြင့်။ သတ္ထုကေန၊ ဓားငယ်ဖြင့်။ စမ္မံ၊ အရေတော်ကို။ ဆိန္ဒိတ္တာ၊ ဖြတ်တောက်၍။ တမှာ ဌာနာ၊ ထိုပုတ်ခတ်မိသောနေရာမှ။ ဒုဋ္ဌလောဟိတံ၊ သွေးပြည်ပုပ်ကို။ နိဟရိတ္တာ၊ ထုတ်ယူ၍။ ဖာသုကံ၊ ချမ်းသာခြင်းကို။ အကာသိ၊ ပြု၏။ တထာ၊ ထိုဇိဝကနှင့် အတူ။ ကရောန္တသ၊ ပြုသောသူအား။ ပုညကမ္မမေဝ၊ ကုသိုလ်ကံသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

အထ၊ ထိုမှတပါး။ ယေ စ၊ အကြင်သူတို့သည်လည်း။ တထာ-ဂတော၊ ဘုရားရှင်သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော်။ စေတိယံ၊ စေတီတော်ကို။ ဘိန္ဒန္တိ၊ ဖျက်ဆီးကုန်၏။ ဗောဓိံ၊ ဗောဓိပင်ကို။ ဆိန္ဒန္တိ၊ ဖျက်ဆီးကုန်၏။ ဓာတုမှိ၊ ဓာတ်တော်၌။ ဥပက္ကမန္တိ၊ ပျက်စီးအောင်လုံ့လပြုကုန်၏။ တေသံ၊ ထိုသူတို့အား။ ကိံ ဟောတိ၊ အဘယ်ကံ ထိုက်သနည်း။ ဣတိ ဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။

ဘာရိယံ၊ ဝန်လေးသော။ ကမ္မံ၊ အကုသိုလ်ကံသည်။ ဟောတိ၊ ၏။ အာနန္တရိယသဒိသံ၊ အာနန္တရိယကံနှင့် တူ၏။

ပန၊ အပြစ်မရှိသည်ကို ပြဆိုအံ့။ သဓာတုကံ၊ ဓာတ်တော်ရှိသော။ ထူပံ ဝါ၊ စေတီပုထိုးကိုလည်းကောင်း။ ပဋိမံ ဝါ၊ ကိုယ်တော်စား ဆင်းတုတော်ကိုလည်းကောင်း။ ဗာဓယမာနံ၊ ထိခိုက်နှိပ်စက်သော။ ဗောဓိသာခဋ္ဌ၊ ဗောဓိခက်ကိုလည်း။ ဆိန္ဒိတုံ၊ ဖျက်ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

တတ္ထ၊ ထိုဗောဓိပင်၌။ နိလီနာ၊ နားနေကုန်သော။ သကုဏာ၊ ငှက်တို့သည်။ စေတိယေ၊ စေတီတော်၌။ ဝစ္စံ၊ ကျင်ကြီးကို။ ပါတေန္တိ၊ စွန့်ချကုန်၏။ ဆိန္ဒိတုံ၊ ဖျက်ပယ်ခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။

ဟိ၊ မှန်၏။ ပရိဘောဂစေတိယတော၊ ပရိဘောဂစေတီတော်ထက်။ သရီရစေတိယံ၊ သရီရဓာတ်စေတီတော်သည်။ မဟန္တတရံ၊ ထူးမြတ်၏။

စေတိယဝတ္ထုံ၊ စေတီ တည်ရာကို။ ဝါ၊ စေတီအိမ်ကို။ ဘိန္ဒိတွာ၊ ခွဲ၍။ ဂစ္ဆန္တံ၊ သွားသော။ ဗောဓိမူလမ္ပိ၊ ဗောဓိမြစ်ကိုလည်း။ ဆိန္ဒိတွာ၊ ဖျက်၍။ ဟရိတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ဗောဓိယာ၊ ဗောဓိပင်၏။ ယာ ပန သာခါ၊ အကြင်အခက်သည်။ ဗောဓိယရံ၊ ဗောဓိအိမ်ကို။ ဗာဓတိ၊ ထိခိုက်၏။ တံ၊ ထိုဗောဓိခက်ကို။ ဂေဟရက္ခဏတ္ထံ၊ ဗောဓိအိမ်ကို စောင့်ရှောက်ခြင်းငှာ။ ဆိန္ဒိတုံ၊ ဖျက်ပယ်ခြင်းငှာ။ နု လဗ္ဘတိ၊ မရအပ်။ ဟိ၊ မှန်၏။ ဗောဓိအတ္ထံ၊ ဗောဓိပင်အကျိုးငှာ။ ဂေဟံ၊ ဗောဓိအိမ်ကို။ ကတံ၊ ပြုအပ်၏။ ဂေဟတ္ထာယ၊ ဗောဓိအိမ်အကျိုးငှာ။ ဗောဓိံ၊ ဗောဓိပင်ကို။ နု ကတံ၊ မပြုအပ်။ အာသနယရေပိ၊ စေတီအိမ်၌လည်း။ ဧသေဝ နယော၊ ဤနည်းသာလျှင်တည်း။

ယသ္မိံ ပန အာသနယရေ၊ အကြင်စေတီအိမ်၌။ ဓာတု၊ သရီရဓာတ်တော်ကို။ နိဟိတာ၊ တည်ထားသည်။ ဝါ၊ ဌာပနာသည်။ ဟောတိ၊

၏။ တဿ၊ ထိုသရီရဓာတ်တော်ကို။ ရက္ခဏတ္ထာယ၊ စောင့်ခြင်းငှာ။ ဗောဓိသာခံ၊ ဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖျက်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဗောဓိ-ဇဂ္ဂနတ္ထံ၊ ဗောဓိပင်ကို သုတ်သင်ခြင်းငှာ။ သြဇောဟရဏသာခံ ဝါ၊ ခြောက်သွေ့သော အခက်ကိုလည်းကောင်း။ ပူတိဒ္ဒါနံ ဝါ၊ ဟောင်းနွမ်း ဆွေးမြေ့ရာ အရပ်ကိုလည်းကောင်း။ ဆိန္ဒိတုံ၊ ဖျက်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ သရီရဇဂ္ဂနေ ဝိယ၊ ဘုရားရှင်ကိုယ်တော်၌ သုတ်သင်သကဲ့သို့။ ပုညမ္မိ၊ ကုသိုလ်သည်လည်း။ ဟောတိ၊ ၏။

ထိုအဋ္ဌကထာ(နှာ-၄၀၈)၌-

"အထ ယေ စ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမ္မိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတိတိ? ဘာရိယံ ကမ္မံ **ဟောတိ အာနန္တရိယသဒိသံ**"-ဟူသော ဝါကျဖြင့် ပရိနိဗ္ဗာန် စံယူတော်မူသည့်နောက် ဗောဓိပင်စေတီတော်, ရုပ်ပွါး, ဘုရားသရီရဓာတ်တော်များကို အသစ်ထပ်မံ ပြုပြင်တည်ထား ကိုးကွယ်လိုသောစိတ် မရှိ၊ သက်သက်ဖျက်ဆီးလိုသော ပဒုဋ္ဌစိတ်ဖြင့် ပျက်စီးအောင် ဖျက်ဆီးသောသူတို့အား လောဟိတုပ္ပါဒကံ မထိုက်သော်လည်း အာနန္တရိယကံနှင့်အတူ အပြစ်ဝန်လေးသည်-ဟု ပြတော်မူသည်။

ထိုအဋ္ဌထကာဝါကျ၏ အတ္ထဗျတ္တိဂုဏ်စကားဖြင့် ပျက်စီးယိုယွင်း၍ ကြည်ညိုဖွယ်ရာ မရှိသော စေတီ, ရုပ်ပွါး, ဘုရားအိုကို ကြည်ညိုဖွယ်ရှိအောင် အသစ်ထပ်မံ ပြုလုပ်ကိုးကွယ်လိုသော စိတ်ကောင်းဖြင့် ပကတိနေရာ၌ ဖြစ်စေ, သင့်ရာအရပ်သို့ ဖြစ်စေ ဖျက်ယူရွှေ့ပြောင်း၍ ထပ်မံပြုလုပ်ကိုးကွယ်သောသူတို့မှာ အပြစ်မရှိ-ဟု အဓိပ္ပါယ်ကျရောက်သည်ကို ပြတော်မူသည်။

"သစေ ပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ"ဟူသော ဝါကျဖြင့် ဗောဓိပင်၌ နားနေသော ငှက်တို့သည် စေတီတော်၌ ကျင်ကြီးကို စွန့်ချမူ ထိုငှက်တို့ နားနေသော ဗောဓိခက်ကို ပယ်ဖြတ်ခြင်းငှာ အပ်သည်-ဟု ပြတော်မူသည်။

ထိုအဋ္ဌကထာဝါကျ၏ စကားပြအခြင်းအရာဖြင့် ပထမ-က တည်ထားရှိသော စေတီ, ရုပ်ပွါး, ဘုရား၏အနီး၌ နောက်မှ မြို့ရွာ,အိမ်ရာ ချထား၍ အများလူတို့ အလေးဂရု မပြုနိုင်။ ကျင်ကြီး,ကျင်ငယ် ပုန်းကွယ်၍ ပြုလုပ်နေကြသည်ကို မြင်၍ ဘုရား၏ဂုဏ်ကျက်သရေ မရှိ၍ ဂုဏ်ကျက်သရေ၏တော်ကို ထင်ပေါ်စေခြင်းငှာ အလေးဂရုပြုနိုင်လောက်သော နေရာသို့ ဖျက်ယူရွှေ့ပြောင်း၍ အသစ်ထပ်မံ ပြုလုပ်ကိုးကွယ်သောသူသည် အပြစ်မရှိ၊ အကျိုးကြီးသည်-ဟု ပြတော်မူသည်။

"ဗောဓိဇဂ္ဂနတ္ထံ သြဇောဟရဏသာခံ ဝါ ပူတိဌာနံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ"-ဟူသောဝါကျဖြင့် ကြည်ညိုသောစိတ်ရှိ၍ လျှောက်ပတ်တင့်တယ်စေခြင်းငှာ ဗောဓိပင်၏ သြဇာမရှိ၊ ခြောက်သွေ့သည် အခက်အလက်ကိုလည်းကောင်း ဟောင်းနွမ်းဆွေးမြေ့သည့် နေရာကိုလည်းကောင်း ဖျက်ပယ်သုတ်သင်ခြင်း၌ အပြစ်မရှိ-ဟု ပြတော်မူသည်။

ထိုအဋ္ဌကထာဝါကျ စကားပြအခြင်းအရာဖြင့် ပျက်စီးယိုယွင်းသော စေတီ, ရုပ်ပွါး, ဘုရား၏ မကောင်းသော အရာဌာနတို့ကို ကောင်းမွန်စွာ ပြုပြင်လိုသောစိတ်ဖြင့် ဖျက်ယူရွှေ့ပြောင်း ပြုလုပ်ကိုးကွယ်ခြင်းသည် အပြစ်မရှိ၊ အကျိုးရှိသည်-ဟု ပြတော်မူသည်။

စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ(၃၉၅)၌-

ပုထုဇနဘိက္ခူနဉ္စိ ထူပေ အနုညာယမာနေ တမ္မပဏ္ဏိဒီပေ တာဝ ထူပါနံ သြကာသော နု ဘဝေယျ။ တတ္ထ အညေသု ဌာနေသု။

တသ္မာ "အနစ္စရိယာ (တေ ဘဝိသန္တီ"တိ နာနုဇာနာတိ)။ စက္ကဝတ္တိ-ရာဇာ ဧကောဝ နိဗ္ဗတ္တာတိ၊ တေန'သ ထူပေါ အစ္စရိယော ဟောတိ။

ဟု မိန့်ဆိုတော်မူ၏။

ဟိ ယသ္မာ၊ အကြင်ကြောင့်။ ပုထုဇနဘိက္ခူနံ၊ ပုထုဇဉ်ရဟန်းတို့၏။ ဝါ၊ အား။ ထူပေ၊ စေတီထိုက်ခြင်းကို။ အနုညာယမာနေ၊ ခွင့်ပြု(အပ်သည်ရှိသော်။ တမ္မပဏ္ဏိဒီပံ၊ သီဟိုဠ်ကျွန်းသည်။ တာဝ၊ အစဉ်အားဖြင့်။ ထူပါနံ၊ စေတီတို့၏။ သြကာသောပိ၊ တည်ရာသည်လည်း။ နု ဘဝေယ္ယ၊ မလောက်သည် ဖြစ်လေရာ၏။ အညေသု၊ တပါးကုန်သော။ ဌာနေသု၊ ကျွန်းတည်ရာတို့၌။ တထာ၊ ထို့အတူ မလောက်နိုင်လေရာ။ တသ္မာ၊ ထို့ကြောင့်။ (တေ၊ ထိုပုထုဇဉ်ရဟန်းတို့သည်။) အနစ္စရိယာ၊ အံ့ဖွယ်ကျေးဇူးဂုဏ်ထူးမရှိကုန်(သည်။ ဘဝိသန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နာနုဇာနာတိ၊ ခွင့်ပြုတော်မမူ)။ စက္ကဝတ္တိရာဇာ၊ စကြာမင်းသည်။ ဧကောဝ၊ ၁-ယောက်တည်းသာလျှင်။ နိဗ္ဗတ္တာတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ အသ၊ ထိုစကြာမင်း၏။ ထူပေါ၊ စေတီသည်။ အစ္စရိယော၊ အံ့ဖွယ်ကျေးဇူးဂုဏ်ထူးရှိသည်။ ဟောတိ၊ ၏။

ထိုအဌကထာပါဠိဖြင့် စကြာမင်း၏ စေတီသည် ၁-ဆူတည်းဖြစ်၍ အံ့သြဖွယ်ဂုဏ်ထူးရှိသည်။ ပုထုဇဉ်ရဟန်းတို့အား စေတီထိုက်ခြင်းကို ခွင့်ပြုလျှင် စေတီ အလွန်များ၍ အံ့သြဖွယ်ဂုဏ် မရှိသောကြောင့် ခွင့်ပြုတော်မမူ-ဟု ဆိုတော်မူသည်။ ထိုအဌကထာပါဠိကို ထောက်၍ ရှေးက တည်ထားကိုးကွယ်ကြသော စေတီတော်သည် ပျက်စီးယိုယွင်း၍ ဖြစ်စေ၊ အမြဲထာဝရ မခိုင်မခံ့၍ဖြစ်စေ၊ အများလူတို့ အလေးဂရု မပြု၍ ဖြစ်စေ၊ နေရာကျဉ်းမြောင်း၍ ဖြစ်စေ သင့်ရာကောင်းမွန်သော နေရာသို့ကောင်းစေလိုသော စိတ်ဖြင့် ရွှေ့ပြောင်းတည်ထား ပြုလုပ်ကိုးကွယ်ခြင်း

သည် ၁-ဆူသော ဘုရားကို ဖျက်ယူ၍ ၀-ဆူကို ဖြစ်စေ၊ ၂-ဆူ, ၃-ဆူ-အစရှိသော ဘုရားကို ဖျက်ဆီး၍ ၁-ဆူတည်းပေါင်း၍ ဖြစ်စေ ပြုလုပ်အပ်သည်-ဟု အဓိပ္ပါယ်ကို ယူထိုက်,ယူသင့်သည်။

ဒီဃနိကာယမဟာဝဂ္ဂအဋ္ဌကထာ(ဒီ၊ဋ္ဌ၊၂။၁၄၄)၌လည်း-

ဥပါဒိန္နကသရီရံ နာမ ခဏ္ဍိစ္စာဒိဟိ အဘိဘုယျတိ။ ဗုဒ္ဓါ နာမ ခဏ္ဍိစ္စာဒိဘာဝံ အပတ္တာ ပဌမေ ကောဋ္ဌာသေ ဗဟုဇနသ ပိယမာနကာလေယေဝ ပရိနိဗ္ဗာယန္တိ။

ဟု မိန့်ဆိုတော်မူ၏။

ဥပါဒိန္နကသရီရံ နာမ၊ ဥပါဒိန္နကရူပ်ရှိသော ကိုယ်မည်သည်။ ခဏ္ဍိစ္စာဒိဟိ၊ သွားကျိုးခြင်း, ဆံဖြူခြင်း-အစရှိသည်တို့ဖြင့်။ အဘိဘုယျတိ၊ နှိပ်စက်၏။ ဗုဒ္ဓါ နာမ၊ ဘုရားတို့မည်သည်။ ခဏ္ဍိစ္စာဒိဘာဝံ၊ သွားကျိုးခြင်း, ဆံဖြူခြင်း-အစရှိသော အဖြစ်သို့။ အပတ္တာ၊ မရောက်မူ၍။ ပဌမေ ကောဋ္ဌာသေ၊ အသက်တမ်းကို ၅-စုပြု၍ ပဌမအစု၌။ ဗဟုဇနသ၊ များသော လူအပေါင်း၏။ ပိယမာနကာလေယေဝ၊ ချစ်မြတ်နိုးသောအရွယ်ရှိသောအခါ၌သာလျှင်။ ပရိနိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန် ပြုကြကုန်၏။

ထိုအဋ္ဌကထာပါဠိ(ဒီ၊ဋ္ဌ၊၂။၁၄၄)ဖြင့် ဘုရားတို့မည်သည် သွားကျိုးခြင်း, ဆံဖြူခြင်း-အစရှိသော ဇရာအနှိပ်စက်ခံ၍ အိုသော ရူပကာယတော်ရှိအောင် မနေ။ ဇရာ မနှိပ်စက်မီကာလ တင့်တယ်သော ရူပကာယရှိတော်မူသောအခါက အသက်တမ်းကို ၅-စုပြု၍ ပဌမအစု၌ ပရိနိဗ္ဗာန်စံယူတော်မူကြကုန်၏။

ထိုအဋ္ဌကထာကို ထောက်၍ ရှေးက တည်ထားကိုးကွယ်ကြသော စေတီ, ရုပ်ပွါး, ဘုရားသည် ပျက်စီးယိုယွင်း အိုမင်းဟောင်းနွမ်း၍ ကြည်ညှိ

နှစ်သက်ဖွယ်ရာ မရှိမူ ဘုရား၏ဂုဏ်တော်ကို ထောက်မြော်၍ ထင်ပေါ်စေခြင်း, ကြည်ညိုဖွယ်ရှိစေခြင်းငှာ ဖျက်ယူပြောင်းရွှေ့၍ အသစ်ပြုလုပ်တည်ထား ကိုးကွယ်ခြင်း၌ အပြစ်မရှိ၊ အကျိုးရှိသည်သာ-ဟု မှတ်ရမည်။

ကေနိပါတ်၊ အဂ်ုတ္တိုရ်အဋ္ဌကထာ၌လည်း-

> တတ္ထ တတ္ထ သက္ကာရသမ္မာနံ အလဘမာနာ ဓာတုယော ဗုဒ္ဓါဓိဋ္ဌာနဗလေန သက္ကာရသမ္မာနံ လဘဋ္ဌာနံ ဂစ္ဆိသန္တိ ဂစ္ဆန္တေ ကာလေ သဗ္ဗဋ္ဌာနေသု သက္ကာရသမ္မာနော နဟောတိ။

ဟု မိန့်ဆိုတော်မူ၏။

> တတ္ထ တတ္ထ၊ ထိုထိုအရပ်တိုင်း၌။ သက္ကာရသမ္မာနံ၊ ပူဇော်မြတ်နိုးကိုးကွယ်ခြင်းကို။ အလဘမာနာ၊ မရကုန်သော။ ဓာတုယော၊ သရီရဓာတ်တော်တို့သည်။ ဗုဒ္ဓါဓိဋ္ဌာနဗလေန၊ ဘုရား၏စိတ်တော် အဓိဋ္ဌာန်အစွမ်းဖြင့်။ သက္ကာရသမ္မာနံ၊ ပူဇော်မြတ်နိုး ကိုးကွယ်ခြင်းကို။ လဘဋ္ဌာနံ၊ ရရာအရပ်ဒေသသို့။ ဂစ္ဆိသန္တိ၊ ကြွသွားတော်မူကြကုန်လတ္တံ့။ ကာလေ၊ ကာလသည်။ ဂစ္ဆန္တေ၊ ဆုတ်သည်ရှိသော်။ သဗ္ဗဋ္ဌာနေသု၊ အလုံးစုံသောအရပ်တို့၌။ သက္ကာရသမ္မာနော၊ ပူဇော်မြတ်နိုး ကိုးကွယ်ကြသည်။ နဟောတိ၊ မဖြစ်။

> ထိုအဋ္ဌကထာပါဠိဖြင့် "ငါဘုရား ပရိနိဗ္ဗာန် စံယူတော်မူပြီးသည့်နောက်၌ ကာလဆုတ်ယုတ်သည်ရှိသော် ငါ၏သရီရဓာတ်တော်တို့သည် ပူဇော်မြတ်နိုး ကိုးကွယ်ကြသူ, ရိုသေလေးမြတ်ကြသူ မရှိရာအရပ်ဌာနမှ ရှိရာအရပ်ဌာနသို့ ပြောင်းရွှေ့၍ အပူဇော်ခံရစ်စေသတည်း"ဟု စိတ်တော်ကို အဓိဋ္ဌာန်ထားတော်မူသည့် အစွမ်းအာနုဘော်ကြောင့် ဘုရား၏ သရီရဓာတ်တော်တို့သည် ပူဇော်မြတ်နိုးသူမရှိလျှင် ရှိရာအရပ်ဌာနသို့ ပြောင်းရွှေ့အပူဇော်ခံသည်-ဟု ပြတော်မူသည်။

ထိုအဌကထာကို ထောက်၍ ရှေးက တည်ထားပြုစု ကိုးကွယ်ကြသော စေတီဘုရား, ရုပ်ပွါးဆင်းတုဘုရားသည် ကြည်ညို၍ ပူဇော်သူမရှိရာမှ ရှိရာအရပ်သို့ ပြောင်းရွှေ့၍ ဖြစ်စေ၊ ယွင်းယိုပျက်စီးဟောင်းနွမ်း၍ ဖြစ်စေ၊ ဖျက်ယူ အသစ်ပြုလုပ်ကိုးကွယ်ခြင်း၌ အပြစ်မရှိ၊ အကျိုးရှိသည်။ ဘုရား၏ စိတ်တော်ဓိဌာန်ခြင်းနှင့် ညီသည်-ဟု သန္နိဌာန်ကျ မှတ်ရမည်။

သုတ်မဟာဝါအဌကထာ၊ မဟာပရိနိဗ္ဗာနသုတ်အဖွင့်(၂၀၅)၌လည်း-

> ရာဇဂဟေ စေတိယံ ဘိန္ဒာပေတွာ ဓာတုံ အပဿန္တော (ပဋိ)-ပါကတိကံ ကာရေတွာ (ဌပေတိ)။ ဟူ၍လည်းကောင်း
>
> သဗ္ဗတ္ထ စေတိယာနိ ဘိန္ဒိတွာ ဓာတုံ အလဘိတွာဝ (ပဋိ)-ပါကတိကာနိ ကတွာ (ဌပေတိ)။ (ဒီ၊ဌ၊၂။၂၀၅)

ဟူ၍လည်းကောင်း မိန့်ဆိုတော်မူသည်။

ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ စေတိယံ၊ စေတီတော်ကို။ ဘိန္ဒာ-ပေတွာ၊ ဖျက်စေ၍။ ဓာတုံ၊ ဓာတ်တော်ကို။ အပဿန္တော၊ မမြင်ရသည်ရှိသော်။ ပဋိပါကတိကံ၊ ရှေးတည်မြဲတိုင်း ပကတိကို။ ကာရေတွာ၊ ပြုစေ၍။ ဌပေတိ၊ တည်ထားစေ၏။

သဗ္ဗတ္ထ၊ အလုံးစုံသော မြို့တို့၌။ စေတိယာနိ၊ စေတီတော်တို့ကို။ ဘိန္ဒိတွာ၊ ဖျက်၍။ ဓာတုံ၊ ဓာတ်တော်ကို။ အလဘိတွာဝ၊ မရမူ၍သာလျှင်။ ပဋိပါကတိကာနိ၊ ရှေးတည်မြဲတိုင်း ပကတိတို့ကို။ ကတွာ၊ ပြုစေ၍။ ဌပေတိ၊ တည်ထားစေ၏။

ထိုအဌကထာပါဌ်ဖြင့် အသောကမင်းကြီးသည် ဘုရား၏ဓာတ်တော်ကို အများမြို့ရွာ၌ ကိုးကွယ်ကြရသော လူတို့သည် အကျိုးစီးပွါးများစေခြင်းငှာ, ဘုရား၏ဂုဏ်ကျေးဇူးတော်သည် ထင်ပေါ်ကျော်စော၍

အံ့ဩဖွယ်ရှိစေခြင်းငှာ ရှေးအတိုင်း တည်ထားမည်-ဟူသော **ယောနိ-သောမနသိကာရစိတ်ဖြင့်** စေတီတော်တို့ကို ဖောက်စေခြင်း, ဖျက်စေခြင်းတို့၌ အပြစ်မရှိ-ဟု ပြတော်မူသည်။

ထိုအဌကထာကို ထောက်၍ မိမိတို့နေရာ အိမ်, မြို့,ရွာ, ဥယျာဉ်, လယ်,ယာ, ကျောင်း, ကန်-အစရှိသည်ကို ပြုလုပ်လို၍ ရှေးကရှိသော စေတီဘုရားကို ဖျက်ယူရွှေ့ပြောင်း၍ အသစ်ထပ်မံ ပြုလုပ်ခြင်းသည် မသင့်၊ မလျောက်ပတ်၊ မလုပ်ကောင်း။ မိမိတို့ နေရာကို အလိုရှိ၍ ဖျက်ယူသောစိတ်သည် **ယောနိသောမနသိကာရ-ဟု ဆိုနိုင်ခက်သည်။**

ထိုသို့မဟုတ်၊ ပျက်စီးဟောင်းနွမ်းသော စေတီ,ရုပ်ပွါးကို သက်သက်ကြည်ညို၍ အသစ်ပြုပြင် ကိုးကွယ်လိုသော စိတ်ဖြင့်လည်းကောင်း **လူတို့ အလေးဂရု မပြုသောနေရာ၌ တည်နေသော စေတီ, ရုပ်ပွါး, ဘုရားကို လူတို့ အလေးဂရုပြုသောနေရာ၌ တည်ထားကိုးကွယ်လိုသော စိတ်ဖြင့်လည်းကောင်း ဖျက်ယူရွှေ့ပြောင်း၍ အသစ်ထပ်မံ ပြုလုပ်ကိုးကွယ်ခြင်း၌ အပြစ်မရှိ။ ယောနိသောမနသိကာရဖြစ်၍ ကုသိုလ်ရသည်-ဟု မှတ်ယူသင့်သည်။**

ဝိနည်းစူဋ္ဌဝါပါဋိတော်(၃၂၄-၅)၌-

> န ဘိက္ခဝေ ပိဏ္ဍနိက္ခေပနမတ္တေန နဝကမ္မံ ဒါတဗ္ဗံ ။လ။ န ကုဋ္ဌုလေပနမတ္တေန နဝကမ္မံ ဒါတဗ္ဗံ ။လ။ န ခဏ္ဍဖုလ္လပဋိသခ်ရ-ဏမတ္တေန နဝကမ္မံ ဒါတဗ္ဗံ။

အစရှိသည်ဖြင့် ဟောတော်မူသည်။

ဝိမတိဝိနောဒနီဋီကာ၊ (ဒု-တွဲ)၊ **သေနာသနက္ခန္ဓကအဖွင့်**(၂၄၇)

ပါဠိယံ ပိဏ္ဍနိက္ခေပနမတ္တေနာတိ အာဒိသု ခဏ္ဍဖုလ္လဌာနေ မတ္တိကာပိဏ္ဍဌပနံ ပိဏ္ဍနိက္ခေပနံ နာမ။ နဝကမ္မဉ္စ နဝကမ္မသမ္မုတိ။

ဟု ဖွင့်တော်မူသည်။ ပါရာဇိကဏ်အဋ္ဌကထာ(၁။၉)၌လည်း-

ဘဂဝတာ ခေါ အာဝုသော ခဏ္ဍဖုလ္လပဋိသင်္ခရဏံ ဝဏ္ဏိတံ။ ဟန္ဒ မယံ အာဝုသော ပဌမံ မာသံ ခဏ္ဍဖုလ္လပဋိသင်္ခရဏံ ကရောမ။

ဟု မိန့်ဆိုတော်မူ၏။

သီလက္ခန်အဋ္ဌကထာ(နှာ-၉)၌လည်း နည်းတူလာသည်။

ဝိမတိဝိနောဒနီဋီကာ(၁၊၁၅။ သာရတ္ထဒီ၊၁။၅၆)၌-

ခဏ္ဍဖုလ္လပဋိသင်္ခရဏန္တိ ဧတ္ထ ခဏ္ဍန္တိ ဆိန္နံ။ ဖုလ္လန္တိ ဘိန္နံ။ တေသံ ပဋိသင်္ခရဏံ အဘိနဝကရဏံ။

ဟု ဖွင့်ဆိုတော်မူ၏။ **သီလက္ခန်ဋီကာသစ်**၌လည်း နည်းတူလာသည်။ ဤသို့လာသော ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌-

"နခဏ္ဍဖုလ္လပဋိသင်္ခရဏမတ္တေန နဝကမ္မံ ဒါတဗ္ဗံ"ဟူသော (စူဠဝါ)ပါဠိတော်(၃၂၅)ဖြင့် ကျိုးပေါက်ကွဲအက်ရုံမျှနှင့် နဝကမ္မသမ္မုတိကို မပေးအပ်-ဟု သမ္မုတိပေးခြင်းကိုသာ မြစ်ပယ်တော်မူသည်။ **မိမိသက်သက် သေနာသနဝတ်ကို အကြောင်းပြု၍ ပြုပြင်လိုမူ ကျိုးပေါက်ကွဲအက်ရုံမျှ ဖြစ်သော်လည်း အသစ်ပြုပြင်အပ်သည်**-ဟု မှတ်ယူသင့်သည်။

ဘဂဝတာ ခေါ အာဝုသော ခဏ္ဍဖုလ္လပဋိသင်္ခရဏံ ဝဏ္ဏိတံ" ဟူသော အဋ္ဌကထာပါဠိဖြင့်လည်း ခဏ္ဍဖုလ္လကို အသစ်ပြုပြင်ခြင်း၌ နဝကမ္မသမ္မုတိ ပေးခြင်းကိုသာ ဘုရား မြစ်ပယ်တော်မူသည်။ သေနာ-သနကွန်ရက်၌ သေနာသနဝတ်နှင့် စပ်သောစကားကို မျှားစွာ ဟောတော်

မူသောကြောင့် **ခဏ္ဍဖုလ္လကို မိမိသက်သက် သေနာသနဝတ်ကို နှလုံးသွင်း၍ အသစ်ထပ်မံပြုပြင်မူ ဘုရားချီးမွမ်းတော်မူသော အရာဖြစ်သည်**-ဟု ပြတော်မူသည်။

ဘုရား၏ ကျောင်းတော်သည်လည်း ပရိဘောဂစေတီ ထိုက်ကြောင်းကို **သာရတ္ထဒီပနီဋီကာ**(၁။၅၄)၌-

> **ဂန္ဓကုဋိယာ ဒွါရံ ဝိဝရိတွာတိ** ပရိဘောဂစေတိယဘာဝတော ဂန္ဓကုဋိံ ဝန္ဒိတွာ ဂန္ဓကုဋိယာ ဒွါရံ ဝိဝရီတိ ဝေဒိတဗ္ဗံ။

ဟု မိန့်ဆိုတော်မူသည်။ **သီလက္ခန်ဋီကာသစ်**၌လည်း နည်းတူလာသည်။

ထိုဋီကာပါဌ်တို့ဖြင့် ဘုရားအား လှူသော ဇေတဝန်ကျောင်းတော်-အစရှိသော ဘုရားကျောင်းတော်သည် **ပရိဘောဂစေတီ**မည်သည်-ဟု ပြတော်မူသည်။ ထိုဋီကာတို့ကို ထောက်၍ ယခုကာလ ပြုလုပ်ကြသော ဘုရားကျောင်းသည် ရုပ်ပွါးဆင်းတုတော်ဘုရား, သရီရဓာတ်တော်ဘုရားတို့၏ သီတင်းသုံးရာဖြစ်၍ **ပရိဘောဂစေတီတော်**မည်သည်-ဟု မှတ်ရမည်။

ယခုကာလ ပြုလုပ်တည်ထားကိုးကွယ်ကြသော အုတ်ရိုးစေတီတော်သည် သရီရဓာတ်တော်, ပဋိစ္စသမုပ္ပါဒ်အစရှိသော အက္ခရာ-ဓမ္မက္ခန္ဓာတော်, ရုပ်ပွါးဆင်းတုဘုရားကို ဌာပနာသွင်း၍ တည်ထားကိုးကွယ်ကြသည်ဖြစ်မူ **ဓာတုစေတီ**ဟူ၍လည်းကောင်း **ဓမ္မစေတီ**ဟူ၍လည်းကောင်း **ဥဒ္ဒိဿကစေတီ**ဟူ၍လည်းကောင်း ဆိုအပ်သည်။

ထို့ကြောင့် **သာရတ္ထဒီပနီမည်သော ဝိနည်းဋီကာကြီး**(၁။၁၇၂)၌-

> **ပရိဘောဂစေတိယဌာနန္တိ** ဧတ္ထ ပရိဘုတ္တူပကရဏာနိ နိဒ-ဟိတွာ ကတံ စေတိယံ ပရိဘောဂစေတိယန္တိ ဒဋ္ဌဗ္ဗံ။ တိဝိဓံ ဟိ

စေတိယံ ဝဒန္တိ ပရိဘောဂစေတိယံ ဓာတုစေတိယံ ဓမ္မစေတိယန္တိ။ တတ္ထ **ပရိဘောဂစေတိယံ** ဝုတ္တနယမေဝ။ **ဓာတုစေတိယံ** ပန ဓာတုယော နိဒဟိတွာ ကတံ။ ပဋိစ္စသမုပ္ပါဒါဒိလိခိတပေါတ္ထကေ နိဒဟိတွာ ကတံ ပန **ဓမ္မစေတိယံ** နာမ။ သာရီရိကံ ပရိဘောဂိကံ ဥဒ္ဒိဿကန္တိ ဧဝံ တိပ္ပဘေဒံ စေတိယံ ဝဒန္တိ။ အယံ ပန ပဘေဒေါ ပဋိမာရူပဿပိ ဥဒ္ဒိဿကစေတိယေနေဝ သင်္ဂဟိတတ္တာ သုဋ္ဌုတရံ ယုဇ္ဇတိ။

ဟု မိန့်ဆိုတော်မူ၏။

ပရိဘောဂစေတိယဌာနန္တိ ဧတ္ထ၊ ဟူသော စကား၌။ ပရိဘုတ္တူပ-ကရဏာနိ၊ ဘုရား၏အသုံးအဆောင် ပရိက္ခရာတို့ကို။ နိဒဟိတွာ၊ ဌာပနာသွင်း၍။ ကတံ စေတိယံ၊ ပြုအပ်သော စေတီတော်ကို။ ပရိဘောဂစေတိ-ယန္တိ၊ **ပရိဘောဂစေတီ**ဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဟိ၊ မှန်၏။ ပရိဘောဂ-စေတိယံ၊ **ပရိဘောဂစေတီ**လည်းကောင်း။ ဓာတုစေတိယံ၊ **ဓာတုစေတီ**လည်းကောင်း။ ဓမ္မစေတိယံ၊ **ဓမ္မစေတီ**လည်းကောင်း။ ဣတိ၊ သို့။ စေတိယံ၊ စေတီကို။ တိဝိဓံ၊ ၃-ပါးအပြားရှိ၏-ဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။ တတ္ထ၊ ထို ၃-ပါးတို့တွင်။ ပရိဘောဂစေတိယံ၊ ပရိဘောဂစေတီတော်သည်။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း။ ဓာတုစေတိယံ ပန၊ ဓာတုစေတီတော်သည်။ ဓာတုယော၊ ဓာတ်တော်တို့ကို။ နိဒဟိတွာ၊ ဌာပနာသွင်း၍။ ကတံ၊ ပြုအပ်သော စေတီတော်တည်း။

ပဋိစ္စသမုပ္ပါဒါဒိလိခိတပေါတ္ထကေ၊ ပဋိစ္စသမုပ္ပါဒ်ပါဋိတော်-အစရှိသည်ကို ရေးသော ပေရွက်, ထန်းရွက်, ငွေပြား, ရွှေပြားတို့ကို။ နိဒဟိတွာ၊ ဌာပနာသွင်း၍။ ကတံ ပန၊ ပြုအပ်သော စေတီတော်သည်။ ဓမ္မစေတိယံ နာမ၊ **ဓမ္မစေတီ** မည်၏။

သာရိရိကံ၊ သရိရဓာတ်တော်စေတီလည်းကောင်း။ ပါရိဘောဂိ-ကံ၊ ပရိဘောဂစေတီတော်လည်းကောင်း။ ဥဒ္ဒိဿကံ၊ ဥဒ္ဒိဿကစေတီတော်လည်းကောင်း။ ဣတိ ဧဝံ၊ သို့။ စေတိယံ၊ စေတီကို။ တိပ္ပဘေဒံ၊ ၃-ပါး အပြားရှိ၏-ဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။ အယံ ပန ပဘေဒေါ၊ ဤသို့ ဆိုအပ်သော အပြားသည်။ ပဋိမာရူပဿပိ၊ ရူပ်ပွါးဆင်းတုတော်ကိုလည်း။ ဥဒ္ဒိဿကစေတိယေနေဝ၊ ဥဒ္ဒိဿကစေတီဖြင့်သာလျှင်။ သင်္ဂဟိတတ္တာ၊ ရေတွက်အပ်သည်၏အဖြစ်ကြောင့်။ သုဌုတရံ၊ အလွန်ကောင်းစွာ။ ယုဇ္ဇ-တိ၊ သင့်မြတ်၏။

တေရသနိပါတ်၊ ကလိင်္ဂ(ဗောဓိ)ဇာတ်အဋ္ဌကထာ(ဇာ၊၅၊၄။၂၂၉)၌-

ကတိ နု ခေါ ဘန္တေ စေတိယာနိတိ။ တိဏိ အာနန္ဒာတိ။ ကတမာနိ ဘန္တေ တိဏိတိ။ သာရိရိကံ ပါရိဘောဂိကံ ဥဒ္ဒိဿကန္တိ။ သက္ကာ ပန ဘန္တေ တုမ္ဟေသု သုဝရန္တေသုယေဝ စေတိယံ ကာတုန္တိ။ အာနန္ဒ သာရိရိကံ နု သက္ကာ ကာတုံ။ တဥ္စိ ဗုဒ္ဓါနံ ပရိနိဗ္ဗာန-ကာလေ ဟောတိ၊ ဥဒ္ဒိဿကံ အာဝတ္ထုကံ မမာယနမတ္တမေဝ ဟောတိ။ ဗုဒ္ဓေဟိ ပရိဘုတ္တာ မဟာဗောဓိရုက္ခော ဗုဒ္ဓေသု ဝရန္တေသုပိ စေတိယမေဝ။

ဟု မိန့်ဆိုတော်မူ၏။

ဘန္တေ၊ မြတ်စွာဘုရား။ စေတိယာနိ၊ စေတီတို့သည်။ ကတိ နု ခေါ၊ အဘယ်မျှ ရှိပါသနည်း။ ဣတိ ဝုတ္တော၊ ဤသို့ နားတော်လျှောက်သည်ရှိသော်။ အာနန္ဒ၊ ချစ်သား အာနန္ဒာ။ တိဏိ၊ ၃-ပါးရှိကုန်၏။ ဣတိ ဝုတ္တော၊ ဤသို့ မိန့်တော်မူသည်ရှိသော်။ ဘန္တေ၊ မြတ်စွာဘုရား။ ကတမာနိ တိဏိ၊ ၃-ပါးတို့သည် အဘယ်တို့နည်း။ ဣတိ ဝုတ္တော၊ ဤသို့ နားတော်လျှောက်ပြန်သည်ရှိသော်။ သာရိရိကံ၊ သာရိရိကစေတီလည်းကောင်း။

ပါရိဘောဂိကံ၊ ပရိဘောဂစေတီလည်းကောင်း။ ဥဒ္ဒိဿကံ၊ ဥဒ္ဒိဿက စေတီလည်းကောင်း။ ဣတိ ဣမာနိ တီဏိ၊ ဤ ၃-ပါးတို့တည်း။

ဘန္တေ၊ မြတ်စွာဘုရား။ တုမှေသု၊ အရှင်ဘုရားတို့သည်။ ဓရန္တေ-သု၊ ထင်ရှားရှိကုန်စဉ်။ တေသံ၊ ထိုစေတီတို့ကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကာ ပန၊ တတ်ကောင်းပါမည်လော။ ဣတိ ဝုတ္တေ၊ ဤသို့ နားတော်လျှောက်ပြန်သည်ရှိသော်။ အာနန္ဒ၊ ချစ်သား အာနန္ဒာ။ သာရီရိကံ၊ သာရီရိကဓာတ်စေတီကို။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။ ဟိ၊ စင်စစ်။ တံ၊ ထိုသာရီရိကစေတီကို။ ဗုဒ္ဓါနံ၊ ဘုရားတို့၏။ ပရိနိဗ္ဗာန-ကာလေ၊ ပရိနိဗ္ဗာန်ပြုသော ကာလ၌။ အဝတ္ထုကံ၊ ဝတ္ထုဒြပ် မရှိသည်သာ ဖြစ်သော။ ဥဒ္ဒိဿကံ၊ ဥဒ္ဒိဿကစေတီသည်။ မမာယနမတ္တမေဝ၊ မြတ်နိုး ဖွယ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓေဟိ၊ ဘုရားတို့သည်။ ပရိဘု-တ္တော၊ သုံးဆောင်အပ်သော။ မဟာဗောဓိရုက္ခော၊ မြတ်သော ဗောဓိပင် သည်။ ဗုဒ္ဓေသု၊ ဘုရားတို့သည်။ ဓရန္တေသုပိ၊ ထင်ရှားရှိသောအခါ တို့၌လည်း။ စေတိယမေဝ၊ စေတီမည်သည်သာတည်း။

တေရသနိပါတ်၊ ကလိင်္ဂဇာတ်ဋီကာ၌လည်း-

သာရီရိကန္တိ ကေသ ဒန္တ သရီရေ အဋ္ဌိနိ။ **ပါရိဘောဂိကန္တိ** စီဝရ-ဗောဓိဣစ္ဆာဒိ။ **ဥဒ္ဒိဿကန္တိ** ဥဒ္ဒိဿကတံ ပဋိမာဒိ။

ဟု ဖွင့်ဆိုတော်မူ၏။

သာရီရိကန္တိ၊ ဟူသည်။ ကေသ ဒန္တ သရီရေ အဋ္ဌိနိ၊ ဆံတော်, သွားတော်, ကိုယ်၌ အရိုးတော်တို့တည်း။ **ပါရိဘောဂိကန္တိ**၊ ဟူသည်။ စီဝရဗောဓိဣစ္ဆာဒိ၊ သင်္ကန်းတော်, ဗောဓိပင် ဤသို့အစရှိသော အသုံး အဆောင်တို့တည်း။ **ဥဒ္ဒိဿကန္တိ**၊ ဟူသည်ကား။ ဥဒ္ဒိဿ၊ ရည်စူး၍။ ကတံ၊ ပြုအပ်သော။ ပဋိမာဒိ၊ ရုပ်ပွါးဆင်းတုတော် အစရှိသည်တည်း။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ, ဋီကာတို့ဖြင့် စေတီအပြားကို သိလေ။ ယခင်ပြဆိုအပ်သော **သမ္မောဟဝိနောဒနီ**အဋ္ဌကထာ(၄၀၈)၌ "အထ ယေ စ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ။ ဓာတုမ္ပိ ဥပက္ကမန္တိ။ တေသံ ကိံ ဟောတိတိ။ ဘာရိယံ ကမ္မံ ဟောတိ။ အာနန္တရိယသဒိသံ"ဟူသော စကား၌ "**စေတိယံ ဘိန္ဒန္တိ**"အရမှာ ပြဆိုအပ်သော ကလိင်္ဂဇာတ်အဋ္ဌကထာ, ဋီကာ, သာရတ္ထဒီပနီဋီကာတို့ကို ထောက်၍ ဓာတုစေတီ, ဥဒ္ဒိသကစေတီ, ပရိဘောဂစေတီ, ဓမ္မစေတီတို့ကိုပင် မှတ်ယူရမည်။

ဓာတုမ္ပိ ဥပက္ကမန္တိ-ဟူသော အဋ္ဌကထာပါဠိဖြင့် ဘုရား၏ သရီရဓာတ်တော်ကို တစ်စုံတစ်ယောက်သည် ကွဲပြိုပျက်စီးအောင် မပြုလုပ်နိုင်သော်လည်း ဖျက်ဆီးလိုသော စိတ်ဖြင့် လုံ့လပြုရုံမျှနှင့် အာနန္တရိယကံနှင့် အတူ ဝန်လေးသည်-ဟု ဥပက္ကမန္တိ-သဒ္ဒါနှင့် ပြတော်မူသည်။

"သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓယမာနံ ဗောဓိသာခ္ဓ ဆိန္ဒိတုံ ဝဋ္ဋတိ"ဟူသော အဋ္ဌကထာတို့ဖြင့် သရီရဓာတ်တော်ကို ဌာပနာမသွင်းဘဲ တည်ထားပြုလုပ်ကိုးကွယ်သော စေတီတော်, ရုပ်ပွါးဆင်းတု ဘုရားသည် **ဥဒ္ဒိသက** မည်သည်။ သရီရဓာတ်တော်ကို ဌာပနာသွင်း၍ တည်ထား ပြုလုပ်ကိုးကွယ်သော စေတီတော်, ရုပ်ပွါးဆင်းတုဘုရားဖြစ်မူ **ဓာတုစေတီ, ဥဒ္ဒိသကစေတီ**-မည်သည်ဟု မှတ်ယူသင့်သည်။ ဓာတ်တော်ရှိ၍ **သဓာတုစေတီ**-ဟူ၍လည်း ဆိုသင့်၏။

သရီရဓာတ်တော်ကို ဌာပနာမသွင်းဘဲ ဘုရားကို ရည်စူး၍ တည်ထားပြုလုပ်သော သဲပုံ, မြေပုံ စေတီသည်လည်း ဥဒ္ဒိသကစေတီ မည်ကြောင်းကို–

ပံသုထူပေသု ဥဒ္ဒိဿကတေသု ဒသဗလဓရာနံ သက္ကာရံ (တတ္ထပိ ကာရံ) ကတ္တာ သဂ္ဂေသု နရာ ပမောဒန္တိ။

ဟု ဆိုသော နေတ္တိပါဠိတော်ကို ထောက်။

ပုဋိနထေရအပဒါန်ပါဠိတော်(ဒု-တွဲ၊ နှာ-၆၄)၌လည်း "အဿမာ အဘိနိက္ခမ္မ၊ အကံ ပုဋိန(ပုလိန)စေတိယံ"-အစရှိသည်ဖြင့် သဲပုံစေတီ တည်ထားကိုးကွယ်၍ လူ,နတ်စည်းစိမ်ကို ခံစားပြီးမှ နိဗ္ဗာန်ရကြောင်းကို လာသည်။

သရီရဓာတ်တော်ကို ဌာပနာမသွင်းဘဲ သက်သက်ပြုလုပ်ကိုးကွယ်သော ရုပ်ပွါးဆင်းတုတော်ဘုရားသည် ဥဒ္ဒိဿကစေတီမည်ကြောင်းကိုလည်း "ပဋိမာရူပဿပိ ဥဒ္ဒိဿကစေတိယေနေဝ သင်္ဂဟိတံ"ဟု ဆိုသော **သာရတ္ထဒီပနီဋီကာ**။

"ဥဒ္ဒိဿကန္တိ ဥဒ္ဒိဿကတံ ပဋိမာဒိ"ဟု ဆိုသော **ကလိင်္ဂတ်ဋီကာ**တို့ဖြင့် သိလေ။

ဇိဝကော ပန တထာဂတဿ ရူစိယာ သတ္ထုကေန စမ္မံ ဆိန္နိတ္တာ တမ္မာ ဌာနာ ဒုဋ္ဌလောဟိတံ နိဟရိတ္တာ ဖာသုက'မကာသိ။ တထာ ကရောန္တဿ ပုညကမ္မ'မေဝ ဟောတိ။

ဟု ဆိုသော **သမ္မောဟအဋ္ဌကထာ** (၄၀၈)ကို ထောက်၍ ဥဒ္ဒိဿကဖြစ်သော စေတီတော်ဖြစ်စေ, ရုပ်ပွါးဖြစ်စေ ဇိဝကနှင့်အတူ သဒ္ဓါကြည်ဖြူသော စိတ်ဖြင့် ပျက်စီးဟောင်းနွမ်းသည်ကို အသစ်ပြုလုပ်လို၍ ဖျက်ယူပြုပြင် ထပ်မံပြုလုပ်ခြင်း၌ အပြစ်မရှိ၊ ကုသိုလ်ရသည်-ဟူ၍သာ သန္နိဋ္ဌာန်ကျ မှတ်ရသည်။ **ဒေဝဒတ်ကဲ့သို့ သက်သက်ဖျက်ဆီးလိုသော ပဒုဋ္ဌစိတ်**ဖြင့် ဖျက်ယူသောသူတို့သာ အပြစ်ရှိသည်-ဟု မှတ်။ ထို့ကြောင့်-

အယောနိသော ဘိက္ခဝေ မနသိကရောတော(ပိုဒ်၊၃၀၂) အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ(ပိုဒ်၊၂၉၉) ဥပ္ပန္နာစ ကုသလာ ဓမ္မာ

ပရိဟာယန္တိ။(ပိုဒ်၊၃၀၁) ယောနိသော ဘိက္ခဝေ မနသိကရောတော (ပိုဒ်၊၃၀၃) အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ(ပိုဒ်၊၂၉၉) ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တိ။ (ပိုဒ်၊၃၀၁)

ဟု **ကေနိပါတ်၊ အဂုံတ္တိုရ်ပါဠိတော်**(၃၂၊၃၃)၌ ဟောတော်မူသည်။

[**မှတ်ချက်။**　။မိစ္ဆာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိပဋိလိုလ်နှင့် သမ္မာဒိဋ္ဌိ, သမ္မာဒိဋ္ဌိပဋိလိုလ်တို့အကြောင်း ဆိုရာစကားများကို လိုရာပေါင်း၍ တင်ပြထားသည်။]

ဘိက္ခဝေ၊ ရဟန်းတို့။ အယောနိသော၊ မသင့်သော အကြောင်းဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသောသူအား။ အနုပ္ပန္နာ၊ မဖြစ်ကုန်သေးသော။ အကုသလာ ဓမ္မာ စေဝ၊ အကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ စ၊ ကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ပျက်စီးကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသောသူအား။ အနုပ္ပန္နာ၊ မဖြစ်ကုန်သေးသော။ ကုသလာ ဓမ္မာ စေဝ၊ ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ စ၊ အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ပျက်စီးကုန်၏။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခ'မန္ဝေတိ၊ စက္ကံ'ဝ ဝဟတော ပဒံ။　။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ'မန္ဝေတိ၊ ဆာယာ'ဝ အနုပါယိနီ။　။

ဟု ဓမ္မပဒပါဠိတော်(နှာ-၁၃)၊ ယမကဝဂ်၌ ဟောတော်မူသည်။

ဓမ္မာ၊ တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်လျှင် ပြဋ္ဌာန်းခြင်းရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်ဖြင့် မြတ်ကုန်၏။ မနောမယာ၊ စိတ်ဖြင့် ပြီးစီးကုန်၏။ ပဒုဋ္ဌေန၊ ပြစ်မှားသော။ မနသာ၊ စိတ်ဖြင့်။ စေ ဘာသတိ ဝါ၊ ဆိုငြားအံ့။ စေ ကရောတိ ဝါ၊ ပြုငြားအံ့။ စေ စိန္တေတိ ဝါ၊ ကြံငြားအံ့။ တတော၊ ထိုပြစ်မှားသော ကံ ၃-ပါးကြောင့်။ နံ၊ ထိုသူကို။ ဒုက္ခံ၊ အကျိုးဆင်းရဲသည်။ အနွေတိ၊ နောက်က မကွာ လိုက်ပါ၏။ ဝဟတော၊ လှည်းဝန်ရုံးသော နွား၏။ ပဒံ၊ ခြေရာစဉ်ကို။ စက္ကံ၊ လှည်းဘီးစက်သည်။ အနွေတိ ဣဝ၊ အစဉ်လိုက်သကဲ့သို့တည်း။

ဓမ္မာ၊ တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်လျှင် ပြဋ္ဌာန်းကုန်၏။ မနောသေဋ္ဌာ၊ စိတ်ဖြင့် မြတ်ကုန်၏။ မနောမယာ၊ စိတ်ဖြင့် ပြီးစီးကုန်၏။ ပသန္နေန၊ ကြည်ညိုသော။ မနသာ၊ စိတ်ဖြင့်။ စေ ဘာသတိ ဝါ၊ ဆိုငြားအံ့။ စေ ကရောတိ ဝါ၊ ပြုငြားအံ့။ စေ စိန္တေတိ ဝါ၊ ကြံငြားအံ့။ တတော၊ ထိုကံ ၃-ပါးကြောင့်။ နံ၊ ထိုသူကို။ သုခံ၊ အကျိုးချမ်းသာသည်။ အနွေတိ၊ အမြဲမကွာ သွားရာလိုက်ပါ၏။ ဆာယာ၊ အရိပ်သည်။ အနုပါယိနီ ဣဝ၊ အမြဲမကွာ လိုက်ပါသကဲ့သို့တည်း။

ဤသို့လာသော ပါဋိတော်ကို ထောက်၍ **ပဌမက ပဒုဋ္ဌစိတ်ဖြင့် သက်သက်ပျက်စေလို၍ ဖျက်ယူခြင်း၌သာ အယောနိသော မနသိကာရ-ရှိ၍ အပြစ်ရှိသည်။ ပဌမက ပသန္နစိတ်ဖြင့် အသစ်ထပ်မံ တည်ထားပြုလုပ်လို၍ ဖျက်ယူခြင်း၌ ယောနိသော မနသိကာရ-ရှိ၍ အပြစ်မရှိ-ဟု** သန္ဒိဋ္ဌာန်ကျ မှတ်ရမည်။

ဤအရာ၌ အချို့ဆရာတို့သည် စေတီဟောင်းကို ဖျက်ယူသော စိတ်သည် ပသန္နစိတ် မဟုတ်။ ပဒုဋ္ဌစိတ်သာ ဖြစ်သည်-ဟု ဆိုကြကုန်၏။ ထိုသို့ မယူအပ်။ ပြဆိုအပ်သော ပါဋိ, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ **မဖျက်မယူမီ ရှေးအဖို့၌သာ ပဒုဋ္ဌစိတ်, ပသန္နစိတ်ကို မှတ်၍ ဆုံးဖြတ်အပ်**

သည်။ ဇီဝကသည် ဘုရားခြေတော်၌ ဓားငယ်နှင့် ခွဲခြင်း, အသောကမင်းကြီးသည် စေတီတော်တို့ကို ဖောက်ယူခြင်းတို့၌ အပြစ်မရှိသည်ကို ထောက်ပါ။

ဂုဏ်ဝါဘိလက်္ခဏသဒ္ဓမ္မဇေမဟာဓမ္မရာဇဂုရု-အမည်ရှိသော **လုံးတော်ဆရာတော်ဘုရား** ရေးသော ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၌လည်း မိစ္ဆာဒိဋ္ဌိအယူရှိသော, သဒ္ဓါတရား မရှိသောသူတို့ စေတီတော်၏ အနီးအပါး၌ အိမ်ရာချထား သား,မယားတို့နှင့်တကွ နေထိုင်ကြ၍ အဂါရဝ, အပတိဿအမှုကို မရိုမသေပြုကြသောကြောင့်လည်းကောင်း လူအများ စွန့်ထားသော ကျင်ကြီး,ကျင်ငယ် ရွံရှာဖွယ်တို့ဖြင့် မတင့်တယ်, မလျှောက်ပတ်သောကြောင့်လည်းကောင်း သဒ္ဓါဗလဝရှိ၍ သတိ,ပညာနှင့် ပြည့်စုံသော သူတော်ကောင်းတို့ ရှောင်ပြောင်းတည်ထားသည်မှာ အလွန်သင့်မြတ်ရာသည်ဖြစ်၍ အကျိုးသာ ဖြစ်၏၊ အပြစ်မရှိ-ဟု ဆိုတော်မူ၏။

အချို့အရပ်၌ အချို့လူများကလည်း ဘုရားအို, ကျောင်းအိုကို ဖျက်၍ မပြုပြင်ကောင်း၊ ဘုရားခိုက်တတ်သည်၊ ကျောင်းခိုက်တတ်သည်-ဟု ပြောဆိုလေ့ ရှိကြကုန်၏။ ထိုစကားကို အချို့ပညာမရှိသူတို့က ယုံကြည်ကြကုန်၏။ ထိုသို့ ပြောဆိုသောသူ ယုံကြည်သောသူတို့သည် လောကီမဂ်လာကို ယုံကြည်၍ ကံကို မယုံကြည်သောကြောင့် မိစ္ဆာဉာဏ်မကင်း၍ အပြစ်မလွတ်ချေ။ လောက၌ ဆင်းရဲ, ချမ်းသာ ၂-ပါးကို ရှေးကပြုခဲ့ကြသော အကုသိုလ်ကံ, ကုသိုလ်ကံ ၂-ပါးသာ ပြုပြင်စီရင်သည်-ဟု ကံကိုသာ ယုံကြည်အပ်သည်။

ထို့ကြောင့် **အဘိဓမ္မာလက်သန်းဋီကာ**(၇၉)၌-

ဒိဋ္ဌမဂ်လာဒီနိ ဝါ သာရတော ပစ္စေတိ သဘာဝတိကွေနေဝ အနုသာဟိတေန စိတ္တေန၊ တဒါ ပဌမံ အကုသလစိတ္တံ ဥပ္ပဇ္ဇတိ။

ဟု မိန့်ဆိုတော်မူ၏။

မဏိမဥ္ဇူသာဋီကာ(ပ၊၁၆၉)၌လည်း-

ဒိဋ္ဌမင်္ဂလာဒီနီတိ ဒိဋ္ဌသုတမုတမင်္ဂလာဒီနိ။ **သာရတော ပစ္စေတီတိ** ဝုမ္မိယာ ပုဗ္ဗနိမိတ္တဘာဝေန အဂ္ဂဟေတွာ "ဣဒမေဝ ဝုမ္မိကာရဏ"နွှိ ဧဝံ သာရဝသေန ဂဏ္ဟာတိ။

ဟု မိန့်ဆိုတော်မူ၏။

ဤသို့ ပြဆိုအပ်သော စကားအရပ်ရပ်တို့ကို ထောက်၍ ပဌမ ပုစ္ဆာ, ဒုတိယပုစ္ဆာ ၂-ရပ်ကို သိလေ။

ပထမ, ဒုတိယပုစ္ဆာ ၂-ရပ်၏ အဖြေဝိသဇ္ဇနာအကျဉ်း ပြီး၏။

* * * * * *

၃။ တပည့်တော် ထပ်မံပြုလုပ်မည့် စေတီတော်သည် မူလစေတီ တော်ထက် ကြီး၍သော်လည်းကောင်း ငယ်၍သော်လည်းကောင်း တည်ထိုက်, မတည်ထိုက်-ဟူသော တတိယပုစ္ဆာ၌–

အနုဇာနာမိ ဘိက္ခဝေ ဖာတိကမ္မတ္ထာယ ပရိဝတ္တေတုံ။

ဟု **စူဠဝါပါဠိတော်၊ သေနာသနက္ခန္ဓက**(၃၂၈)၌ ဟောတော်မူသည်။

ဖာတိကမ္မတ္ထာယာတိ ဝဖိုကမ္မတ္ထာယ။ ဖာတိကမ္မ'ဥ္စေတ္ထ သမကံ ဝါ အတိရေကံ ဝါ အဂ္ဃနကံ မဥ္စပီဌာဒိသေနာသနမေဝ ဝဋ္ဌတိ။

ဟု **စူဠဝါအဌကထာ**(၈၇)၌ မိန့်ဆိုတော်မူသည်။ ပါဠိအနက်ကား–

ဘိက္ခဝေ၊ ရဟန်းတို့။ ဖာတိကမ္မတ္ထာယ၊ ကြီးပွါးခြင်းကို ပြုခြင်း အကျိုးငှာ။ ပရိဝတ္တေတုံ၊ ဖလှယ်ခြင်းငှာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

အဌကထာအနက်ကား–

ဖာတိကမ္မတ္ထာယာတိ၊ ဟူသည်။ ဝဖို-ကမ္မတ္ထာယ၊ ကြီးပွါးခြင်းကို ပြုခြင်းငှာ။ ဧတ္ထ၊ ဤအရာ၌။ ဖာတိကမ္မဥ္စ၊ ဖာတိကမ္မ မည်သည်။ သမကံ ဝါ အဂ္ဃနကံ၊ အဖိုးအမျှထိုက်သည်လည်း ဖြစ်ကုန်သော။ အတိရေကံ ဝါ အဂ္ဃနကံ၊ အဖိုး အလွန်ထိုက်သည်လည်း ဖြစ်ကုန်သော။ မဥ္စပီဌာဒိ-သေနာသနမေဝ၊ ညောင်စောင်း, အင်းပျဉ်- အစရှိသော သေနာသန သည်သာလျှင်။ ဝဋ္ဌတိ၊ အပ်၏။

မဟာပရိနိဗ္ဗာနသုတ်အဌကထာ၌လည်း အသောကမင်းကြီး သည် ဓာတ်တော်ကို ရလို၍ စေတီတို့ကို ဖျက်ပြီးလျှင် ပကတိအတိုင်း တည်ထားသည်-ဟု လာသည်။

နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ၌လည်း လကုဏ္ဍာဘဒ္ဒိယမထေရ်သည် ကဿပဘုရားရှင် သာသနာတော်၌ ကြီးသော စေတီတော်၏ ပမာဏကို ပြင်၍ ငယ်သော စေတီပမာဏဖြင့် စီရင်ဖူးသောကြောင့် ပုဂ္ဂသေးငယ်သော ကိုယ်ရှိသည်-ဟု ဆိုသည်။

ဒုကနိပါတ်၊ ကေဠိသိလဇာတ်(ဇာ၊၂၊၂။၁ ၂၉၊၁၃၀)၌ကား လကုဏ္ဍ-ဘဒ္ဒိယမထေရ်သည် လွန်လေပြီးသောအခါ၌ ဗြဟ္မဒတ်မင်းကြီးဖြစ်၍ အသက်ကြီးသောသူတို့ကို သူငယ်လုပ်၍ ပြက်ရယ်မှုဖြင့် ကစားဖူးသော အမှုကြောင့် အလွန်သေးငယ်သော ကိုယ်ရှိသည်-ဟု ဆိုသည်။

နိကာယ်ဆောင်ပုဂ္ဂိုလ်တို့ အဆို မညီကြကုန်။ ဤသို့လာသော ကျမ်းဂန်တို့ကို ထောက်၍ အသစ်ထပ်မံပြုလုပ်သော စေတီတော်သည် မူလစေတီတော်နှင့် မျှသော်လည်းကောင်း မူလစေတီတော်ထက် ကြီးသော်လည်းကောင်း တည်ထားပြုလုပ်အပ်သည်။ မူလစေတီတော်အောက် ငယ်၍ မတည်ထားအပ်-ဟု အဓိပ္ပါယ်ကျသည်။ သို့သော်လည်း ပစ္စည်းဥစ္စာမှာ မရှိ။ သဒ္ဓါကသာ အားကြီး၍ အလွန်ပျက်စီးသော စေတီတော်ကို မြင်၍ ၎င်းစေတီပျက်ကို ဖျက်၍ အသစ်ပြုရလျှင် ကြည်ညိုဖွယ်ရှိလိမ့်မည်-ဟု ကြံစည်၍ ပြုလုပ်ရာ အသစ်တိုး၍ မထည့်စွက်နိုင်သည့်အတွက် ပဌမစေတီထက် သေးသေးငယ်ငယ် လှပတင့်တယ်ခြင်းကို တည်ထားကိုးကွယ်သူကိုလည်း အပြစ်ရှိသည်-ဟူ၍ မဆိုသင့်, မဆိုထိုက်ချေ။ လကုဏ္ဍ-ဘဒ္ဒိယဝတ္ထုမှာ အမျှားလူတို့ စေတီတော်ကြီး တည်ထားမည်-ဟု ကြံစည်ရာ၌ ကြီးသောပမာဏကို သေးငယ်သော ပမာဏဖြင့် စီရင်မိသည့်အတွက်-ဟု ဆိုသောကြောင့်တည်း။

တတိယပုစ္ဆာ၏ ဝိသဇ္ဇနာအကျဉ်း ပြီး၏။

* * * * * *

၄။ ဘိုးဘွားမိဘတို့ တည်ထားသော စေတီတော်ကို ထပ်မံ ပြင်ဆင်ရသည့်အတွက် ဘိုးဘွားမိဘတို့မှာ အမျှမဝေဘဲနှင့် ကုသိုလ်ရ, မရ-ဟူသော စတုတ္ထပုစ္ဆာ၌-

ဌာနေ ခေါ ဗြာဟ္မဏ ဥပကပ္ပတိ၊ နော အဌာနေ။

ဟု **ဒသကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်**(နှာ-၄၇၈)၌ ဟောတော်မူသည်။

ဗြာဟ္မဏ၊ ဇာဏုသောဏိပုဏ္ဏား။ ဌာနေ ခေါ၊ ဌာနဖြစ်မူကား။ ဥပကပ္ပတိ၊ ရောက်၏။ ဝါ၊ ရ၏။ အဌာနေ၊ ဌာနမဟုတ်မူကား။ နော ဥပကပ္ပတိ၊ မရောက်။ ဝါ၊ မရ။

ဇာဏုသောဏိမည်သော ပုဏ္ဏားက "တမလွန်ဘဝသို့ ပြောင်းသွားသော ဘိုးဘွား,မိဘ-အစရှိသော သူတို့ကို ရစေခြင်းငှာ ရည်စူး၍ ဒါနပြုကြသည်မှာ ရပါမည်လော"ဟု ဘုရားရှင်ကို လျှောက်ရာ၌ ဟောတော်မူသော တရားတည်း။ ငရဲဘုံ, တိရစ္ဆာန်ဘုံ, လူဘုံ, နတ်ဘုံတို့၌ဖြစ်မူ အဌာနဖြစ်၍ မရောက်ကုန်, မရကုန်။ ပြိတ္တာဘုံ၌ဖြစ်မူ ပြိတ္တာ ၄-မျိုးရှိသည်တွင် **ပရဒတ္တူပဇီဝိကပြိတ္တာ**မျိုးဖြစ်မှ ရောက်သည်,ရသည်-ဟု ဟောတော်မူသည်။

တဖန် ဇာဏုသောဏိပုဏ္ဏားက ဘုရားရှင်ကို "အဌာနဖြစ်၍ မရမူ ပြုအပ်သောဒါနသည် အကျိုးမရှိ ဖြစ်ရမည်လော"ဟု လျှောက်ပြန်ရာ-

အပိ စ ဗြာဟ္မဏ ဒါယကောပိ အနိပ္ဖလော ဟောတိ။

(အံ၊၃။၄၈၀)ဟု ဟောတော်မူသည်။

ဗြာဟ္မဏ၊ ပုဏ္ဏား။ အပိ စ၊ စင်စစ်သော်ကား။ ဒါယကောပိ၊ ပေးလှူသောသူသည်။ အနိပ္ဖလော၊ အကျိုးရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား- တမလွန်ဘဝသို့ ပြောင်းသွားသော ဘိုးဘွား,မိဘ အစရှိသောသူတို့ကို ရည်စူး၍ ဒါနပြုသဖြင့် ရေစက်ချ၍ အမျှဝေရာ ထိုသေသောသူတို့သည် ဌာနဟုတ်၍ ရသည်ဖြစ်စေ, ဌာနမဟုတ်၍ မရသည် ဖြစ်စေ ပေးလျှောသူသည် ဒါနအကျိုးကို ရသည်သာဖြစ်၍ အကျိုးရှိသည်-ဟု ဟောတော်မူသည်။ ဌာနဟုတ်ရာ ပြိတ္တာဘုံ၌လည်း ပြိတ္တာမျိုးသည်-

- နိဗ္ဗာမတဏှိကပြိတ္တာ, - ခုပ္ပိပါသပြိတ္တာ,
- ဝန္တာသိကပြိတ္တာ, - ပရဒတ္တုပဇီဝိကပြိတ္တာ-

ဟု ၄-ပါးရှိသည်။ ထို ၄-ပါးတို့တွင် ပရဒတ္တုပဇီဝိကပြိတ္တာမျိုး ၁-ပါးသာ အမျှဝေသော ကုသိုလ်အဖို့ကို ရနိုင်သည်-ဟု **မိလိန္ဒပဉ္ဉာအဋ္ဌကထာ**၌ ဆိုသည်။

> စတုန္နံ ပေတာနံ တယော ပေတာ နေ လဘန္တိ ဝန္တာသိကာ ခုပ္ပိပါသာ နိဗ္ဗာမတဏှိကာ၊ ပဋိလဘန္တိ ပေတာ ပရဒတ္တုပဇီဝိနော။
>
> (မိလိန္ဒပဉ္ဉာအဋ္ဌကထာပါဠိ)

အကျယ်ကို လိုမှု ဒသကနိပါတ်၊ အင်္ဂုတ္တိရ်ပါဠိ, အဋ္ဌကထာ၊ မိလိန္ဒ-ပဉ္ဉာအဋ္ဌကထာ၊ ပေတဝတ္ထုပါဠိ,အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာတို့၌ ယူလေ။ ထိုသို့လာသော ကျမ်းဂန်တို့ကို ထောက်၍ ဘိုးဘွားတို့ တည်ထားခဲ့သော စေတီကို ထပ်မံပြင်ဆင်ရသည့်အတွက် ဘိုးဘွားတို့မှာ အမျှမပေးဘဲနှင့် ကုသိုလ် မရချေ။ အမျှဝေသော်လည်း ဌာနဟုတ်မှ ရသည်။ ဌာန မဟုတ်မူ မရ-ဟု မှတ်ရမည်။

စတုတ္ထပုစ္ဆာ၏ ဝိသဇ္ဇနာအကျဉ်း ပြီး၏။

* * * * * *

၅။ ဘုရားကို ပြင်ဆင်ရသည့်အတွက် လောကီ, လောကုတ္တရာ အကျိုးပေးခြင်းအကြောင်းဟူသော ပဌမပုစ္ဆာ၌-

လွန်လေပြီးသောအခါ ဧ၂-ကမ္ဘာထက်၌ ပွင့်တော်မူသော **ဖုဿ ဘုရားရှင်**သာသနာတော်၌ ၁-ဦးသောအမျိုးသားသည် တောအရပ်၌ ပျက်စီးယိုယွင်းသော စေတီဟောင်း ၁-ဆူကို မြင်၍ ကြည်လင်သော စိတ်ဖြင့် ပြုပြင်၍ အင်္ဂတေမွမ်းမံသော ကုသိုလ်ကြောင့် ဧ၂-ကမ္ဘာပတ်လုံး အပါယ် ၄-ပါးသို့ မလားရကုန်။ ၇၇-ကမ္ဘာ၌ စကြာမင်း ၁၆-ကြိမ်ဖြစ်ရသည်။ ငါတို့ဘုရားရှင်လက်ထက်တော်၌ ရဟန်းပြု၍ ရဟန္တာဖြစ်သည်-ဟု **ခဏ္ဍဖုလ္လိယထေရအပဒါန်**၌ လာသည်။

ဒွေ နဝုတေ ကေ္ပတော ကပ္ပေ၊ ယံ ကမ္မ'မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ သုဓာပိဏ္ဍာဿိ'ဒံ ဖလံ။ (အပဒါန်၊ပ။၂၂၁)

ကေ္ပတော၊ ဤကမ္ဘာမှ။ ဒွေ နဝုတေ ကပ္ပေ၊ ဧ၂-ကမ္ဘာထက်၌။ တဒါ၊ ထိုဖုဿဘုရား ပွင့်တော်မူသောအခါ၌။ ယံ ကမ္မံ၊ အကြင်စေတီဟောင်းကို အသစ်ထပ်မံပြုပြင်၍။ ဒုဂ္ဂတိံ၊ အပါယ် ၄-ပါး၌ ကျရောက်သော ဆင်းရဲကို။ နာဘိဇာနာမိ၊ မသိရဖူး။ ကေ္ပ'ဒံ၊ ဤ ဧ၂-ကမ္ဘာ အပါယ် မလားရခြင်းသည်။ သုဓာပိဏ္ဍာဿ၊ စေတီဟောင်းကို ပြုပြင်၍ အင်္ဂတေကိုင်ခြင်း၏။ ဖလံ၊ အကျိုးဆက်တည်း။

ထာဝရဖြစ်သော စေတီဘုရား ပျက်စီးယိုယွင်း ဟောင်းနွမ်းသည်ကို အသစ်ထပ်မံ၍ ထာဝရဖြစ်အောင် ပြုလုပ်တည်ထားကိုးကွယ်သည်မှာ ဆိုဖွယ်ရာ မရှိ။

ပုလိနထေရအပဒါန်(ပ။၈၇)၌ ဘုရား၏ စေတီတော်ပုံအတူ သဲလုံးအစုရှိသော သဲပုံစေတီကို ပြုလုပ်တည်ထား၍ ကိုးကွယ်ပူဇော်သော ကုသိုလ်ကြောင့် သိကြားမင်းအဖြစ် အကြိမ်-၈၀၊ စကြာမင်းအဖြစ် အကြိမ် ၃၀၀-ဖြစ်ရသည်။ ပဒေသရာဇ် ဧကရာဇ်မင်းအဖြစ်မှာ မရေမတွက်နိုင်ဖြစ်၍ ငါတို့ ဘုရားရှင်လက်ထက်တော်၌ ရဟန်းပြု၍ ရဟန္တာဖြစ်သည်-ဟု လာသည်။

စေတီဘုရားနှင့်စပ်၍ ကိုးကွယ်ပူဇော်ကြသောသူတို့၏ ကြီးကျယ်သော လောကီချမ်းသာကို ခံစား၍ ငါတို့ဘုရားလက်ထက်၌ ရဟန္တာဖြစ်ရကြောင်းကို ဝတ္ထုများစွာ, အပဒါန်ပါဠိ, ထေရာထေရီပါဠိ, အဋ္ဌကထာတို့၌ လာသည်။

နေတ္ထိပါဠိ(၁၁၇)၌လည်း-

နတ္ထိ စိတ္တေ ပသန္နမ္ပိ၊ အပ္ပကာ နာမ ဒက္ခိဏာ။
တထာဂတေ ဝါ သမ္မုဒ္ဓေ၊ အထ ဝါ တသ္သ သာဝကေ။ (ခု၊၂။၆၆)

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓမမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။ (ခု၊၃။၇)

ဟု ဟောတော်မူ၏။

စိတ္တေ၊ စိတ်သည်။ ပသန္နမ္ပိ၊ ကြည်ညိုသည်ရှိသော်။ သမ္မုဒ္ဓေ၊ သစ္စာ ၄-ပါးကို သိသော။ တထာဂတေ ဝါ၊ ဘုရား၌လည်းကောင်း။ ဝါ၊ ဘုရားအားလည်းကောင်း။ အထ ဝါ၊ ထိုမှတပါး။ တသ္သ၊ ထိုဘုရားမှ တပါး။ တသ္သ၊ ထိုဘုရား၏။ သာဝကေ ဝါ၊ တပည့်၌လည်းကောင်း။ ဝါ၊ တပည့်အားလည်းကောင်း။ ဒက္ခိဏာ၊ ပေးအပ်သော အလှူသည်။ အပ္ပကာ နာမ၊ နည်းငယ်သော အကျိုးရှိသည် မည်သည်။ နတ္ထိ၊ မဖြစ်နိုင်၊

ဧဝံ၊ ဤသို့။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ အစိန္တိယာ၊ မကြံစည်နိုင်ကုန်။ ဗုဒ္ဓဓမ္မာ၊ ဘုရား၏ ဂုဏ်ကျေးဇူးတို့သည်။ အစိန္တိယာ၊ မကြံစည်နိုင်ကုန်။ အစိန္တိယေ၊ မကြံစည်နိုင်သောဘုရား, ဘုရား၏ ဂုဏ်ကျေးဇူး၌။ ပသန္နာနံ၊ ကြည်ညိုကုန်သောသူတို့၏။ ဝိပါကော၊ ကုသိုလ်အကျိုးသည်။ အစိန္တိယော၊ မကြံစည်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

သက်တော်ထင်ရှားရှိသောဘုရားနှင့် ထားတော်မူခဲ့သော စေတီဘုရား၌ စိတ်က အာရုံပြု၍ ကြည်ညိုခြင်းတူမျှမူ တူသောကုသိုလ်ရသည်ကို **သတ္တကနိပါတ်၊ ကုမ္မာသပိဏ္ဍိဇာတ်အဋ္ဌကထာ(၃၈၇)၌-**

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။

ဟု မိန့်တော်မူ၏။

တိဋ္ဌန္တေ စာပိ၊ သက်တော်ထင်ရှားရှိသော ဘုရား၌လည်းကောင်း။ နိဗ္ဗုတေ စာပိ၊ ပရိနိဗ္ဗာန်ပြုသောဘုရား၌လည်းကောင်း။ စိတ္တေ၊ ကြည်ညိုသောစိတ်သည်။ သမေ၊ တူမျှသည်ရှိသော်။ သမံ၊ တူသော၊ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ၏။

ဤသို့လာသော ကျမ်းဂန်တို့ကို ထောက်၍ စေတီဟောင်းကို ပြုပြင်၍ ဖြစ်စေ, အသစ်ပြုလုပ်၍ ဖြစ်စေ ဘုရားကို တည်ထားကိုးကွယ်ပူဇော်ရသော အကျိုးကြီးကျယ်သော လောကီ,လောကုတ္တရာချမ်းသာကို ရနိုင်သည်-ဟု သိလေ။

ပဌမပုစ္ဆာ၏ ဝိသဇ္ဇနာအကျဉ်း ပြီး၏။

* * * * * *

၆။ ၎င်းစေတီတော်ကို ပြုလုပ်ပြီးစီး၍ ရဟန်းသံဃာတော်များ နှင့် အနေကဇာတင်သည့်အခါ ဇာတ်, ရုပ်သေး, ပွဲသဘင်ကျင်းပ၍ ပြုလုပ်လျှင် သံသရာပြစ်ဝန် လွတ်,မလွတ်-ဟူသော ဆဋ္ဌမပုစ္ဆာ၌-

တုမ္မာကံ စေတိယသ ဥပဋ္ဌာနံ ကရောမာတိ ဝုတ္တေ ပန ဥပဋ္ဌာန-ကရဏံ နာမ သုန္ဒရန္တိ ဝတ္တုံ ဝဋ္ဋတိ။

ဟု ဘိက္ခုနီဝိဘင်းအဋ္ဌကထာ၌ မိန့်ဆိုတော်မူသည်။

တုမ္မာကံ၊ အရှင်ဘုရားတို့၏။ စေတိယသ၊ စေတီတော်အား။ ဥပဋ္ဌာနံ၊ ပွဲသဘင်ပူဇော်ခြင်းကို။ ကရောမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့။ ဝုတ္တေ ပန၊ ဆိုသည်ရှိသော်။ ဥပဋ္ဌာနကရဏံ နာမ၊ ပွဲသဘင်ပူဇော်ခြင်းကို ပြုခြင်းမည်သည်။ သုန္ဒရံ၊ ကောင်း၏။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

အဓိပ္ပါယ်ကား- ဒါယကာတို့က "အရှင်ဘုရားတို့၏ စေတီတော်အား ပွဲသဘင်ပူဇော်ကုန်အံ့"ဟု လျှောက်ထားလျှင် "ကောင်းပြီ၊ ပူဇော်ကြ"ဟု အာဏာတို့ဖြစ်အောင် မဆိုအပ်။ "ပွဲသဘင်ပူဇော်ခြင်းမည်သည် ကောင်း၏"ဟု ပရိယာယ်စကားဖြင့် ပြောအပ်သည်-ဟု ပြတော်မူသည်။ ထိုသို့လာသော ဝိနည်းအဋ္ဌကထာကို ထောက်၍ စေတီတော်မြတ်အား ပူဇော်အံ့-ဟု ကြံ၍ ပွဲသဘင်ကို ဌားရ၍ ပူဇော်မူ အပြစ်မရှိ၊ ကောင်းသော ပူဇော်ခြင်း မည်၏။

အပဒါန်အဋ္ဌကထာ၌လည်း ဝရုဏမည်သော **နတ်သားသည်** **အတ္ထဒဿီ**ဘုရားရှင်ကို မြင်၍ ကြည်ညိုသောစိတ်ဖြင့် ပန်း,နံ့သာ-အစရှိ

သော လျှုဖွယ်ဝတ္ထုတို့ဖြင့်လည်းကောင်း သီချင်းဆိုခြင်း, တူရိယာ တီးမှုတ်ခြင်းတို့ဖြင့်လည်းကောင်း အခြံအရံနှင့်တကွ ခစားဆည်းကပ်၍ ပူဇော်လေ၏။ အတ္ထဒဿီဘုရား ပရိနိဗ္ဗာန် စံယူတော်မူသည့် နောက်ကာလ၌ လည်း ဘုရား၏ပွင့်ရာ မဟာဗောဓိပင်ကို တူရိယာအစုံတို့ဖြင့် တီးမှုတ်၍ လျှုဒါန်းပူဇော်လေ၏။ ထိုနတ်သားသည် စုတေ၍ ဘဖန် အထက် နိမ္မာန-ရတီနတ်ဘုံ၌ဖြစ်၍ ကြီးကျယ်သော နတ်စည်းစိမ်ကို ရ၍ ငါတို့ဘုရား လက်ထက်တော်၌ ရဟန္တာဖြစ်သည်-ဟု လာသည်။

သုမင်္ဂလထေရအပဒါန်အဋ္ဌကထာ၌လည်း နတ်သား ၁-ယောက်သည် ဘုရားရှင်အား နှစ်သက်ဝမ်းမြောက် လက်အုပ်ချီခြင်း, တူရိယာတို့ဖြင့် ပူဇော်ခြင်းကုသိုလ်ကြောင့် လူ,နတ်စည်းစိမ်ကို အစဉ်ခံစား၍ ငါတို့ဘုရားလက်ထက်၌ ရဟန္တာဖြစ်သည်-ဟု လာသည်။

ထေရအဋ္ဌကထာ၌လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်၌ ဟံသာဝတီပြည်၌ သူဌေးသား ၁-ဦးသည် ပြာသာဒ် ၃-ဆောင်၌ တူရိယာတို့ဖြင့် မွေ့လျော်စံပျော်၍ နေရာ သံယာတော်အများနှင့် ကြွလာတော်မူသော ပဒုမုတ္တရဘုရားကို မြင်၍ ကြည်လင်သောစိတ်ဖြင့် ဘုရားရှင်ကို အိမ်သို့ ပင့်၍ ဆွမ်းကျွေးသောအခါ တူရိယာအစုံဖြင့် တီးမှုတ်၍ ပူဇော်သော ကုသိုလ်ကြောင့် သိကြားမင်း ၆၄-ကြိမ်၊ စကြာမင်း ၆၄-ကြိမ် ဖြစ်ရသည်။ ၁-သိန်းသော တူရိယာတို့ဖြင့် အမြဲခြံရံသည်-ဟု လာသည်။

ဤသို့လာသော ကျမ်းဂန်တို့ကို ထောက်၍ ဇာတ်, ရုပ်သေး, ပွဲသဘင်တို့ဖြင့် ရတနာ ၃-ပါးအား ပူဇော်မည်-ဟု အာရုံပြု၍ တီးမှုတ်ပူဇော်ခြင်းသည် အပြစ်မရှိ၊ အကျိုးရှိသည်သာ ဖြစ်၏-ဟု မှတ်ယူရမည်။

ဆဋ္ဌမပုစ္ဆာ၏ ဝိသဇ္ဇနာအကျဉ်း ပြီး၏။

* * * * * *

၇။ ၎င်းစေတီ၏အနီး ဘုရားငယ် ၂-ဆူ၏ နေရာ၌ သိမ်သမုတ်ခြင်း, အာရုံခံပြာသာဒ် ဆောက်လုပ်ခြင်းကို ပြုလုပ်က သံသရာပြစ်ဝန်လွတ်, မလွတ်-ဟူသော သတ္တမပုစ္ဆာ၌-

တံ ပန ဗန္ဓနေဟိ ဝတ္တံ ဇာနိတဗ္ဗံ။ သစေ ဟိ ဗောဓိစေတိယ-ဘတ္တသာလာဒိနိ သဗ္ဗဝတ္ထူနိ ပတိဋ္ဌာပေတွာ ကတဝိဟာရေ ဗန္ဓန္တိ။ ဝိဟာရမဗ္ဗေ ဗဟူနံ သမောသရဏဋ္ဌာနေ အဗန္ဓိတွာ ဝိဟာရပစ္စန္တေ ဝိဝိတ္တောကာသေ ဗန္ဓိတဗ္ဗာ။

အကတဝိဟာရေ ဗန္ဓနေဟိ ဗောဓိစေတိယာဒိနံ သဗ္ဗဝတ္ထူနံ ဌာနံ သလ္လက္ခေတွာ ယထာ ပတိဋ္ဌိတေသု ဝတ္ထူသု ဝိဟာရပစ္စန္တေ ဝိဝိတ္တောကာသေ ဟောတိ၊ ဧဝံ ဗန္ဓိတဗ္ဗာ။

ဟု **မဟာဝါအဋ္ဌကထာ၊ ဥပေါသထက္ခန္ဓကအဖွင့်(၃၂၃)၌** လာသည်။

တံ ပန၊ ထိုခဏ္ဍသိမ်ကို။ ဗန္ဓနေဟိ၊ ဖွဲ့ကုန်သော ရဟန်းတို့သည်။ ဝတ္တံ၊ ဝတ်တရားကို။ ဇာနိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ မှန်၏။ ဗောဓိစေတိယ-ဘတ္တသာလာဒိနိ၊ ဗောဓိပင်, စေတီဘုရား, ဆွမ်းစားကျောင်း-အစရှိကုန်သော။ သဗ္ဗဝတ္ထူနိ၊ အလုံးစုံသော ဝတ္ထုတို့ကို။ ပတိဋ္ဌာပေတွာ၊ တည်ထား၍။ ကတဝိဟာရေ၊ ပြုအပ်သော ကျောင်းတိုက်တာ၌။ သစေ ဗန္ဓန္တိ၊ ဖွဲ့ကုန်သည်ဖြစ်အံ့။ ဝိဟာရမဗ္ဗေ၊ ကျောင်းတိုက်တာ အလယ်၌။ ဗဟူနံ၊ များစွာသော လူ,ရဟန်းတို့၏။ သမောသရဏဋ္ဌာနေ၊ စည်းဝေးရာ, စုဝေးရာ၌။ အဗန္ဓိတွာ၊ မဖွဲ့မူ၍။ ဝိဟာရပစ္စန္တေ၊ ကျောင်းတိုက်အစွန်၌။ ဝိဝိတ္တောကာသေ၊ ဆိတ်ငြိမ်သောအရပ်၌။ ဗန္ဓိတဗ္ဗာ၊ ဖွဲ့အပ်၏။

အကတဝိဟာရေ၊ မပြုအပ်သော ကျောင်းတိုက်၌။ ဗန္ဓနေဟိ၊ သိမ်ဖွဲ့အပ်သော ရဟန်းတို့သည်။ ဗောဓိစေတိယာဒိနံ၊ ဗောဓိစေတီ-

အစရှိကုန်သော။ သဗ္ဗဝတ္ထူနှံ၊ အလုံးစုံသော ဝတ္ထုတို့၏။ ၎ာနှံ၊ တည်ရာ အရပ်ကို။ သလ္လက္ခေတွာ၊ မှတ်သား၍။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ဝတ္ထူသု၊ ဗောဓိစေတီ-အစရှိကုန်သော ဝတ္ထုတို့သည်။ ပတိဋ္ဌိတေသု၊ တည်ကုန်သည်ရှိသော်။ ဝိဟာရပစ္စန္တေ၊ ကျောင်းတိုက်အစွန်၌။ ဝိဝိတ္တော-ကာသေ၊ ဆိတ်ငြိမ်ရာအရပ်၌။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့သော အခြင်းအရာဖြင့်။ ဗန္ဓိတဗ္ဗာ၊ ဖွဲ့အပ်၏။

ခဏ္ဍာသီမံ အဇာနန္တာ အဝိပ္ပဝါသံယေဝ ဇာနန္တာ စေတိ-ယင်္ဂဏ ဗောဓိယင်္ဂဏ ဥပေါသထာဂါရာဒီသု နိရာသင်္ကာနေသု ၎တွာ အပ္ပေဝ နာမ သမ္ဘဟနိတုံ သက္ခိဿန္တိ၊ ဗန္ဓိတုံ ပန နသက္ခိဿန္တေဝ။ သစေ ဗန္ဓေယ္မုံ။ သီမာသမ္ဘေဒံ ကတ္တာ ဝိဟာရံ အဝိဟာရံ ကရေယ္မုံ။ တသ္မာ နသမ္ဘဟနိတဗ္ဗာ။

ဟု ဥပေါသထက္ခန္ဓကအဋ္ဌကထာ(၃၃၂)၌ လာသည်။

ခဏ္ဍာသီမံ၊ ခဏ္ဍာသီမ်ကို။ အဇာနန္တာ၊ မသိကုန်သော ရဟန်းတို့သည်။ အဝိပ္ပဝါသံယေဝ၊ အဝိပ္ပဝါသသီမ်ကိုသာလျှင်။ ဇာနန္တာ၊ သိကုန်သည်ရှိသော်။ စေတိယင်္ဂဏ ဗောဓိယင်္ဂဏ ဥပေါသထာဂါရာဒီသု၊ စေတီအပိုင်းအခြား, ဗောဓိပင်အပိုင်းအခြား, ဥပုသ်သိမ်-အစရှိကုန်သော။ နိရာ-သင်္ကာနေသု၊ ယုံမှားကင်းရာ အရပ်တို့၌။ ၎တွာ၊ တည်၍။ သမ္ဘဟနိတုံ၊ နှုတ်ခြင်းငှာ။ အပ္ပေဝ နာမ သက္ခိဿန္တိ၊ စွမ်းနိုင်ကုန်ယောင်တကား။ ဝါ၊ စွမ်းနိုင်လိမ့်မည် ထင်ကုန်၏။ ဗန္ဓိတုံ ပန၊ ဖွဲ့ခြင်းငှာမူကား။ နသက္ခိဿ-နေဝ၊ မစွမ်းနိုင်ကုန်သည်သာတည်း။ သစေ ဗန္ဓေယ္မုံ၊ ဖွဲ့ကုန်ငြားအုံ။ သီမာသမ္ဘေဒံ၊ သိမ်စပ်ခြင်းကို။ ကတ္တာ၊ ပြု၍။ ဝိဟာရံ၊ ဝိဟာရသိမ်ကို။ အဝိဟာရံ၊ ဝိဟာရသိမ် မဟုတ်သည်ကို။ ကရေယ္မုံ၊ ပြုကုန်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ နသမ္ဘဟနိတဗ္ဗာ၊ မနှုတ်အပ်။

ဝိမတိဝိနောဒနီဋီကာ(၃၊၁၅၅)၌-

နိရာသက်ဌာနေတိ ခဏ္ဍာသီမာရဟိတဌာနေ။ ဣဒဉ္စ မဟာသီမာယ ဝိဇ္ဇမာနာယပိ ကမ္မကရဏသုခတ္ထံ ခဏ္ဍာသီမာ ဣစ္ဆိတာတိ တံ စေတိယဂိုဏာဒိဗဟုသန္နိပါတဌာနေ နိ ဗန္ဓတီတိ ဝုတ္တံ။ တတ္ထာပိ သာ ဗဒ္ဓါ သုဗဒ္ဓါ ဧဝ မဟာသီမာ ဝိယ။

ဗန္ဓိတုံ ပန နိ သက္ခိဿန္တေ၀ါ'တိ ဣဒံ မဟာသီမာယ အသမ္ဘဝတတ္တာ တဿာ အဝိဇ္ဇမာနတ္တာသ အဇာနနတော စ မဟာသီမာဗန္ဓနံ သန္ဓာယ ဝုတ္တံ။ ခဏ္ဍာသီမံ ပန နိရာသက်ဌာနေ ဗန္ဓိတုံ သက္ခိဿန္တေ၀။

သီမာသမ္ဘေဒံ ကတ္တာတိ ခဏ္ဍာသီမာယ ဝိဇ္ဇမာနပက္ခေ သီမာယ သီမ အဒ္ဓျောတ္ထရဏသမ္ဘေဒ ကတ္တာ အ၀ိဇ္ဇမာနပက္ခေ သီမာသမ္ဘေဒသက်ာယ အနိ၀တ္တနေန သမ္ဘေဒသက်ံ ကတ္တာ။ **အ၀ိ-ဟာရံ ကရေယ္ယုန္တိ** သံယကမ္မာနာရဟံ ကရေယ္ယုံ။ ပုဗ္ဗေ ဟိ စေတိ-ယဂိုဏာဒိနိရာသက်ဌာနေ ကမ္မံ ကာတုံ သက္ကာ။ ဣဒါနိ တမ္မိ ဝိနာသိတန္တိ အဓိပ္ပါယော။

ဟု ဖွင့်တော်မူ၏။ အနက်ဆိုအံ့။

နိရာသက်ဌာနေတိ၊ ဟူသည်။ ခဏ္ဍာသီမာရဟိတဌာနေ၊ ခဏ္ဍာသီမ် မရှိရာအရပ်၌။ ဣဒဉ္စ၊ ဤစကားကိုလည်း။ မဟာသီမာယ၊ မဟာသီမ်၏။ ဝိဇ္ဇမာနာယပိ၊ ထင်ရှားရှိသော်လည်း။ ကမ္မကရဏသုခတ္ထံ၊ ကံပြုလွယ်စေခြင်းငှာ။ ခဏ္ဍာသီမာ၊ ခဏ္ဍာသီမ်ကို။ ဣစ္ဆိတာ၊ အလိုရှိအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုခဏ္ဍာသီမ်ကို။ စေတိယဂိုဏာဒိဗဟုသန္နိ-ပါတဌာနေ၊ စေတီ အပိုင်းအခြား-အစရှိသော မျှားစွာသော ရဟန်း စည်းဝေးရာ ဌာန၌။ နိ ဗန္ဓတိ၊ မဖွဲ့, မသမုတ်။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။

ဝုတ္တံ၊ ဆိုတော်မူ၏။ တတ္ထာပိ၊ ထိုအရပ်၌လည်း။ သာ၊ ထိုခဏ္ဍသိမ်ကို။ ဗဒ္ဓါ၊ ဖွဲ့အပ်သည်ရှိသော်။ သုဗဒ္ဓါ ဧဝ၊ ကောင်းစွာဖွဲ့ခြင်း မည်သည်သာတည်း။ မဟာသီမာ ဝိယ၊ မဟာသိမ်ကို ဖွဲ့သကဲ့သို့တည်း။

ဗန္ဓိတုံ ပန နသက္ခိဿန္တေဝါတိ၊ ဟူသော။ ဣဒံ၊ ဤစကားကို။ ခဏ္ဍသီမာယ၊ ခဏ္ဍသိမ်ကို။ အသမူဟတတ္တာ၊ မနုတ်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ တဿာ၊ ခဏ္ဍသိမ်၏။ အဝိဇ္ဇမာနတ္တဿ၊ ထင်ရှားမရှိသောအဖြစ်ကို။ အဇာနနတော စ၊ မသိသည်၏အဖြစ်ကြောင့်လည်းကောင်း။ မဟာသီမာဗန္ဓနံ၊ မဟာသိမ်ဖွဲ့ခြင်းကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုတော်မူ၏။ ခဏ္ဍသီမံ ပန၊ ခဏ္ဍသိမ်ကို။ နိရာသင်္ကဌာနေ၊ ယုံမှားကင်းရာ၌။ ဗန္ဓိတုံ၊ ဖွဲ့ခြင်းငှာ။ သက္ခိဿန္တေဝ၊ စွမ်းနိုင်သည်သာတည်း။

သီမာသမ္ဘေဒံ ကတွာတိ၊ ဟူသည်ကား။ ခဏ္ဍသီမာယ၊ ခဏ္ဍသိမ်၏။ ဝိဇ္ဇမာနပက္ခေ၊ ထင်ရှားရှိသော အဖို့၌။ သီမာယ၊ သိမ်ဖြင့်။ သီမံ၊ သိမ်ကို။ ကတွာ၊ ပြု၍။ အဝိဇ္ဇမာနပက္ခေပိ၊ ထင်ရှားမရှိသော အဖို့၌လည်း။ သီမာသမ္ဘေဒသင်္ကာယ၊ သိမ်စပ်ခြင်း၌ ယုံမှားသံသယကို။ အနိဝတ္တနေန၊ မဖြစ်စေသဖြင့်။ သမ္ဘေဒသင်္ကံ၊ စပ်ယှက်ခြင်းကို။ ဝါ၊ စပ်ခြင်း, ရောယှက်ခြင်းကို။ ကတွာ၊ ပြု၍။

အဝိဟာရံ ကရေယျုန္တိ၊ ဟူသည်ကား။ သံဃကမ္မာနာရဟံ၊ သံဃကံ မထိုက်သည်ကို။ ကရေယျုံ၊ ပြုကုန်ရာ၏။ ဟိ၊ မှန်၏။ ပုဗ္ဗေ၊ ရှေးကာလ၌။ စေတိယင်္ဂဏာဒိနိရာသင်္ကဌာနေ၊ စေတိယင်္ဂဏ-အစရှိသော ယုံမှားကင်းရာအရပ်၌။ ကမ္မံ၊ သိမ်သမုတ်သော ကံကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကာ၊ စွမ်းနိုင်၏။ ဣဒါနိ၊ ယခုကာလ၌။ တမ္ပိ၊ ထိုယုံမှားကင်းရာ အရပ်ကိုလည်း။ ဝိနာသိတံ၊ ဖျက်ဆီး၏။ ဣတိ အယံ၊ ဤသို့လျှင်။ အဓိပ္ပါယော၊ အလိုတော်တည်း။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ စေတိယဂိ-ဏမြေ, ဗောဓိယဂိဏမြေ၌ စေတီဗောဓိအား လျှော်သောမြေပင် ဖြစ်သော်လည်း သိမ်သမုတ်အပ်သည်-ဟု သိလေ။

တံ ကာတုဗ္ဗ ကာရေတုဗ္ဗ ဘိက္ခုသ္မ ဝဋ္ဋတိ။ လာဘသိမာယံ ပန နု ဝဋ္ဋတိ။ သမာနသံဝါသကသိမာ ကသ္မစိ ပိဋ္ဌံ နု ကရောတိ။ ကေဝလံ ဘိက္ခူနံ ဝိနယကမ္မ မေဝ သာဓေတိ။ တသ္မာ ဧတ္ထ ဝဋ္ဋတိ။

(မဟာဝါ၊ ဥပေါသထက္ခန္ဓကအဋ္ဌကထာ၊ ၃၂၂)

တံ၊ ထိုခဏ္ဍာသိမ်၏ နိမိတ်မှတ်တိုင်ကို။ ဘိက္ခုသ္မ၊ ရဟန်းအား။ ကာတုံ၊ မိမိပြုခြင်းငှာလည်းကောင်း။ ကာရေတုံ စ၊ သူတပါးကို ပြုစေခြင်းငှာလည်းကောင်း။ ဝဋ္ဋတိ၊ အပ်၏။ လာဘသိမာယံ ပန၊ လာဘသိမ်၌။ နု ဝဋ္ဋတိ၊ မအပ်။ သမာနသံဝါသကသိမာ၊ သမာနသံဝါသက-မည်သော ခဏ္ဍာသိမ်သည်။ ကသ္မစိ၊ တစ်စုံတစ်ခုအား။ ပိဋ္ဌံ၊ နှိပ်စက်ခြင်းကို။ ဝါ၊ ဖျက်ဆီးခြင်းကို။ နု ကရောတိ၊ မပြု။ ကေဝလံ၊ သက်သက်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဝိနယကမ္မမေဝ၊ ဝိနည်းကံကိုသာလျှင်။ သာဓေတိ၊ ပြီးစေ၏။

သမာနသံဝါသကမည်သော ခဏ္ဍာသိမ်သည် လူတို့မြေ, သံဃာ့မြေ, ဘုရားမြေ အလုံးစုံတို့ကို တစ်စုံတစ်ခုမျှ ဖျက်ဆီးနှိပ်စက်သည် မဟုတ်၊ ရဟန်းတို့၏ ဝိနည်းကံမျှသာ မည်သည်-ဟု ပြတော်မူသည်။

စတုရသံ ဝါ တိကောဏံ ဝါ သမ္မန္နန္တေန ယထာ ကောဏတော ကောဏံ တိယောဇနံ ဟောတိ၊ ဧဝံ သမ္မန္နိတဗ္ဗာ။

ဟု **မဟာဝါအဋ္ဌကထာ၊ ဥပေါသထက္ခန္ဓကအဖွင့်**(၃၂၇)၌ လာသည်ကို ထောက်၍ ၃-ယူဇနာရှိသော သိမ်ကိုလည်း ယခုကာလ၌ပင် သမုတ်နိုင်က သမုတ်အပ်သည်ကို ပြဆိုသောကြောင့် စေတီ, ဘုရားအား လျှော်သော ဝတ္ထုကံမြေ၌ သိမ်သမုတ်ကောင်းသည်-ဟု သိလေ။ ၃-ယူဇနာရှိသော မဟာသိမ်ကြီးကို သမုတ်လျှင် လူတို့မြေ ဖြစ်စေ, သံဃာ့မြေ ဖြစ်စေ,

ဘုရားမြေ ဖြစ်စေ မဟာသိမ်ကြီးအတွင်း၌ ပါဝင်နေသော်လည်း အပြစ်မရှိ-ဟု ဆိုလိုသည်။

ရာဇဂြိုဟ်ပြည်ကို အတွင်းပြု၍ ရှင်သာရိပုတ္တရာ မဟာသိမ်ကြီးကို သမုတ်တော်မူသည်။ သီဟိုဠ်ကျွန်း၊ အနုရာဓပြည်ကို အတွင်းပြု၍ ရှင်မဟိန္ဒထေရ် မဟာသိမ်ကြီးကို သမုတ်သည်-ဟု ဝိနယာလင်္ကာရဋီကာ၌ ဆိုတော်မူသည်။

ထိုရဟန္တာကြီးများ ကမ္မဝါစာဖတ်၍ သမုတ်ကြသော သိမ်အတွင်း၌ ရာဇဂြိုဟ်ပြည်, အနုရာဓပြည်သူပြည်သားတို့သည် သား,မယား အိမ်ရာနှင့်ပင် နေထိုင်ကြသည်။ ဤသို့ အကြောင်းကို မသိကြသော အပ္ပသုတပုဂ္ဂိုလ်တို့သည် ယခုကာလ ပုထုဇဉ်ရဟန်းတော်များ ကမ္မဝါစာဖတ်၍ သမုတ်သော သိမ်အတွင်းသို့ မိန်းမများ မဝင်ကောင်း၊ မတက်,မနေကောင်း-ဟု ဆိုကြသည်မှာ ထိုသူတို့၏ မသိခြင်းသာ အကြောင်းတည်း။

ဤသို့လာသော ဝိနည်းအဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ရှေ့ပြောင်း၍ တည်ထားသော စေတီငယ် ၂-ဆူ၏နေရာ၌ ဘုရားမြေဖြစ်စေ, သံဃိကမြေဖြစ်စေ သိမ်သမုတ်ခြင်း၌ အပြစ်မရှိ၊ အာရုံခံပြာသာဒ်မှာလည်း စေတီဘုရားကို အာရုံပြု၍ ဆောက်လုပ်လျှင် အပြစ်မရှိ-ဟု သိလေ။

သတ္တမပုစ္ဆာ၏ ဝိသဇ္ဇနာအကျဉ်း ပြီး၏။

----- x -----

စေတိယပဋိသင်္ခရဏဝိနိစ္ဆယဝိသဇ္ဇနာ ပြီး၏။

ပေါရာဏစေတိယအဘိနဝကရဏဝိသဇ္ဇနာ-ဟူ၍လည်း ဆိုအပ်၏။

ပု-ဒိ-အာ-နှင့် ပြည့်စုံရလို၏။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪

၁၃၇၂-ခုနှစ်၊ (၂၇-၄-၂၀၁၀)၊ ကဆုန်လပြည့်နေ့၊ ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော် ရတနာစိန်ဖူးတော်တင်လျှပ်ပွဲတွင် ကန့်ဘလူမြို့၊ အရှေ့ကျောင်း၊ မြို့နယ်သံယနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဘဒ္ဒန္တဇဝနဆရာတော် အရှင်သူမြတ်က ထိမ်တောဆရာတော်ဘုရားကြီးရေး **စေတိယပဋိသင်္ခရဏာဝိနိစ္ဆယကျမ်း**ကို ပြန်လည်ရိုက်နှိပ်ပေးရန် ရွှေသုဝဏ္ဏာဆရာတော်အားမေတ္တာရပ်ခံသဖြင့် ပူးတွဲဖော်ပြပါ စာဒါယကာ၏ ပစ္စယာနုဂ္ဂဟဖြင့် ဗုဒ္ဓစာပေအဖွဲ့က ပုံနှိပ်ထုတ်ဝေပါသည်။

ဗုဒ္ဓစာပေအဖွ

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့တွင် ဥာဏ်တော်အမြင့် ၉၁'-ရှိသော မဟာရွှေစည်ကြီးစေတီတော်သည် ကျောင်း, ကန်, သိမ်, ဥယျာဉ်စသော အခြံအရံ အင်္ဂါ ၁၄-ချက်နှင့် ပြည့်စုံစွာ စံပယ်တော်မူလျက်ရှိသည်။ ဘုရားဖူးတိုင်းအတွက် ကြည်နူးဖွယ်, ကြည်ညိုဖွယ် အသရေကို ဆောင်နေတော်မူလေသည်။ ယင်းစေတီတော် တည်နေရာတွင် ချက်မြှုပ်ဇာတိဖြစ်သော ဦးကျော်ညွှန့်သည် စေတီတော် ထွန်းပေါ်တော်မူရေးတွင် အလွန်လုံ့လဥဿာဟ စိုက်ထုတ်ခဲ့သည်။ ယခုလည်း ထိန်းသိမ်းစောင့်ရှောက်နေသည်။ စေတီကိစ္စ ဗုဒ္ဓရတနာနှဂ္ဂဟကုသိုလ် ပြုပြီးနောက် ဓမ္မရတနာဘက်တွင် အနုဂ္ဂဟကုသိုလ် ပြုလိုနေပေသည်။ စိတ်ထက်သန်နေပေသည်။

သို့ဖြစ်ရာ သာသနာတော်အတွက် အလွန် ကျေးဇူးများ၍ သာသနာရေးဝန်ကြီးဌာနက ပြုစုရေးသား, ပထမအကြိမ် ထုတ်ဝေထားသော **တိပိဋကပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီး** ၁၉-တွဲကို ထပ်မံ ရိုက်နှိပ်ပူဇော်လိုသည်။ ထို့ကြောင့် ရွှေသုဝဏ်ဆရာတော်နှင့် တိုင်ပင်၍ သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပန်ပြီး ယင်းအဘိဓာန်ကျမ်းတော်ကြီး ၁၉-တွဲနှင့်တကွ အခြားသာသနာတော်ကျမ်းများကို ပုံနှိပ်လျှောဒါန်းခဲ့ပါသည်။ ယင်းတို့မှာ–

စာဒါယကာကြီး ဦးကျော်ညွှန့်နှင့် မိတ်ဆွေများ ပုံနှိပ်လျှောဒါန်းပြီးသော ကျမ်းဂန်များ

၁။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၁
၂။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၂
၃။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၃
၄။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်(အပိုင်း- ၁)	အတွဲ- ၄
၅။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၅
၆။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၆
၇။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၇
၈။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၈
၉။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၉
၁၀။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၁၀
၁၁။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၁၁
၁၂။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၁၂
၁၃။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၁၃
၁၄။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၁၄ (၀-ပိုင်း)
၁၅။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၁၅
၁၆။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၁၆
၁၇။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်(ရိုက်ပြီး၊ချုပ်ဆဲ)	အတွဲ- ၁၇
၁၈။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၁၈
၁၉။	တိပိဋကတ်	ပါဠိ-မြန်မာ	အဘိဓာန်	အတွဲ- ၁၉

၂၀။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်း

၂၁။ မူလဓမ္မဝိသောဓနီကျမ်း

၂၂။ ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း (ထိမ်တော၊ ဒု-ကြိမ်)

၂၃။ ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း (ထိမ်တော၊ တ-ကြိမ်)

၂၄။ ပုစ္ဆာနယပကာသနီကျမ်း

၂၅။ ဒွါစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း, ၉-ဌာနဝိနိစ္ဆယကျမ်း(၂-ကျမ်းတွဲ)

၂၆။ စေတိယပဋိသင်္ခရဏဝိနိစ္ဆယကျမ်း (ထိမ်တော၊ ဒု-ကြိမ်)

တို့ဖြစ်ကြသည်။

ရွှေသုဝဏ္ဏဆရာတော်သည် ပျက်စီးတော့မည်ဖြစ်သော ကျမ်းဂန်များနှင့် သာသနာတော်အား အလွန်ကျေးဇူးများသည့် ကျမ်းဂန်များကို တစိုက်မတ်မတ် ရှာဖွေစုဆောင်း၍ သာသနာရေးဝန်ကြီးဌာန၊ ကမ္ဘာအေးပုံနှိပ်တိုက်၏ အကူအညီဖြင့် ရိုက်နှိပ်ဖော်ထုတ်နေပါသည်။ သို့ရာတွင် ရိုက်နှိပ်ပြီးကျမ်းများကို ထိန်းသိမ်းစောင့်ရှောက်မည့်သူ (သို့) အဖွဲ့မရှိ၍ ထိန်းသိမ်းစောင့်ရှောက်ရန် အဖွဲ့အစည်းတစ်ခု လိုအပ်နေသည်။

ထိုအချိန်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(အငြိမ်းစား) **ဦးကြည်ညွှန့်** အမှူးပြုသော သမ္မာဆန္ဒ သဘောတူမျှကြသည့် ပညာရှင်ပုဂ္ဂိုလ်များက "ယင်းတို့ကလည်း ဆရာတော်၏ သာသနာပြုရေးတွင် ပါဝင်ကူညီလိုကြောင်း" လျှောက်ထားကြသည်။ သို့ဖြစ်၍ ဗုဒ္ဓစာပေအဖွဲ့အဖြစ် စည်းမျဉ်း စည်းကမ်းဖြင့် စနစ်တကျ စုစည်းဖွဲ့စည်းပါသည်။ ထို့နောက် ပုံမှန် လစဉ်အစည်းအဝေး ကျင်းပသည်။ ယင်းသာသနာပြု ပညာရှင် ဒါယကာများမှာ–

ဗုဒ္ဓစာပေအဖွဲ့

နာယကဆရာတော်များ

၁။ ဘဒ္ဒန္တသဒ္ဓိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေသုဝဏ်ဆရာတော်။

၂။ ဘဒ္ဒန္တဉာဏသာမိ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မစကြာဆရာတော်။

အဖွဲ့ဝင် လူပုဂ္ဂိုလ်များ

၁။	ဦးကြည်ညွန့် (ဒု-ဝန်ကြီး၊ ငြိမ်း)	ဥက္ကဋ္ဌ
၂။	ဦးဥဂ္ဂါ (ရဲမင်းကြီး၊ ငြိမ်း)	ဒု-ဥက္ကဋ္ဌ
၃။	ဦးသောင်းလွင် (ဝဋ္ဌံသကာရွှေတံဆိပ်ရ၊ အစိုးရနှင့် သကျသီဟ ဓမ္မာစရိယ)	ဒု-ဥက္ကဋ္ဌ
၄။	ဦးစိန်ပို (ခ. ယ. က၊ ငြိမ်း၊ အစိုးရနှင့် သကျသီဟ ဓမ္မာစရိယ)	ဘဏ္ဍာရေးမှူး
၅။	ဦးသိန်းအောင် (ဗာရာဏသီ၊ အစိုးရနှင့် သကျသီဟ ဓမ္မာစရိယ၊ ဒု-ညွှန်၊ ငြိမ်း)	အဖွဲ့ဝင်
၆။	ဦးမြင့်စိုး (ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ တွဲဖက်ပါမောက္ခ၊ နဲ. ပ. သ၊ လ/ထ ညွှန်ငြိမ်း)	အဖွဲ့ဝင်
၇။	ဦးတင့်ဝေ (ဓမ္မာစရိယ၊ ဒု-ညွှန်၊ ငြိမ်း)	အဖွဲ့ဝင်
၈။	ဦးစိုးတင့် (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အစိုးရနှင့် စေတိယင်္ဂဏ, သကျသီဟ ဓမ္မာစရိယ)	အဖွဲ့ဝင်
၉။	ဦးစိန်လှဝင်း (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ)	စာရင်းစစ်

၁၀။ ဦးအောင်တင် (ဓမ္မာစရိယ) တွဲဖက်အတွင်းရေးမှူး

၁၁။ ဦးညွန့်မောင် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဓမ္မာစရိယ) အတွင်းရေးမှူး

၁၂။ ဦးထွန်းရွှေ (ဓမ္မာစရိယ) ရုံးအဖွဲ့မှူး

ဖြစ်ကြပါသည်။

(ဓမ္မာစရိယ ဦးအေးနိုင်သည် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေစဉ်အတွင်း ကွယ်လွန်သွားသဖြင့် ယင်းအစား ဦးသောင်းလွင်သည် ဒု-ဥက္ကဋ္ဌအဖြစ် ဆက်လက်ဆောင်ရွက်သည်။)

သဟဓမ္မိကဖြစ်သော ဓမ္မစကြာဆရာတော် **ဘဒ္ဒန္တဉာဏသာမိ** (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်ကလည်း မိမိကျောင်းတိုက် (ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ အင်းလျားကန်ထိပ်၊ ဆာကူရာဟိုတယ်အနီးရှိ) ဓမ္မစကြာကျောင်းတိုက်ကို ဌာနချုပ်ပြုထား၍ သာသနာပြုရန် ဆက်သွယ်လာပါသည်။ ဤသို့လျှင် အကြောင်းပေါင်းများစွာ ညီညွတ်သဖြင့် စာဒါယကာအသီးသီး (ထုတ်ပြီးကျမ်းစာများတွင် ပါဝင်သည့် ဒါယကာများ)၏ ပစ္စယာနုဂ္ဂဟဖြင့် ကျမ်းဂန်များကို ပုံနှိပ်ထုတ်ဝေပါသည်။

ယင်းကျမ်းစာတို့မှာ–

ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၁။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး

၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ

၃။ ဝိသုဒ္ဓါရုံသင်္ဂြိုဟ်နိဿယ

၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း

စေတိယပဋိသင်္ခရဏဝိနိစ္ဆယကျမ်း

၅။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်
၆။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံပရမတ္ထသရူပဆိုရိုး
၇။ ဝိသုဒ္ဓါရုံပရိတ်ကြီးနိဿယ
၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိဒီပနီပါဋ္ဌ
၉။ သိရိမဟာမာယာဒေဝီဝတ္ထုနိဿ
၁၀။ ဓာတုတ္ထသင်္ဂဟပါဋ္ဌ+နိဿ
၁၁။ ဆိဒ္ဒပိဓာနနိကျမ်း
၁၂။ လင်္ကာဒီပကဒီပနီ
၁၃။ ဝိစိတြဝန္ဒနာ (ပ-ကြိမ်နှင့် ဒု-ကြိမ်)
၁၄။ မနောဒိဋ္ဌဝန္ဒနာ
၁၅။ သတိသမ္ပဇဉ္ဉနိဂ္ဂဟစာတမ်း (ဦးနာရဒ)
၁၆။ မဟာဗောဓိဝံသဒီပနီ
၁၇။ အမေးတော်ဖြေ
၁၈။ မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ထေရုပ္ပတ္တိ
၁၉။ ဝိမိဿမဓုရရစနာ (ပ-ကြိမ်၊ ပ, ဒု-တွဲ) (အရှင်စန္ဒဇောတိ)
၂၀။ ဝိမိဿမဓုရရစနာ (ဒု-ကြိမ်၊ ၂-တွဲပေါင်း)
၂၁။ မဂ်လာ့အမြုတေ
၂၂။ လူနှင့်တူသောလူ
၂၃။ တထာဂတဥဒါနဒီပနီ(ပ-တွဲ)
၂၄။ တထာဂတဥဒါနဒီပနီ(ဒု-တွဲ)
၂၅။ ဗုဒ္ဓနိုင်ငံတော် (ပ-တွဲ)
၂၆။ ဗုဒ္ဓနိုင်ငံတော်(ဒု-တွဲ)
၂၇။ ဗုဒ္ဓနိုင်ငံတော် (တ-တွဲ)

၂၈။ ဝိမတိစ္ဆေဒနီ (ကျီးသဲ)
၂၉။ သမ္မာဒိဋ္ဌိကထာကျမ်း
၃၀။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၃၁။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပွဒီပိကာကျမ်း၊ THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၃၂။ မဟာဗောဓိပွတ္တိကထာကျမ်း
၃၃။ ဘူမိစာလနိဒါန်းကျမ်း (၃-ကြိမ်နှင့် တ-ကြိမ်)
၃၄။ ချောင်းဦး၊ ရွှေတောင်ဆရာတော်ဝိနိစ္ဆယ
၃၅။ တွံတေး၊ ပရိတ်ကြီးပါဠိနိဿယ
၃၆။ ကစ္စာယနသာရသရူပတ္ထဒီပနီ (ပြည်)
၃၇။ ဝင် ၉-ဝင်ဝတ္ထု (ပထမတွဲ)
၃၈။ ဝင် ၉-ဝင်ဝတ္ထု (ဒုတိယတွဲ)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (တတိယတွဲ)
၄၀။ **စေတိယပဋိသင်္ခရဏဝိနိစ္ဆယကျမ်း** (ထိမ်တော)
၄၁။ မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ (ဟရိဗလ၊ ကုသိနာရုံ)

တို့ဖြစ်ကြပါသည်။

ပညာဓိကဆုတောင်း

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ပိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမ'စ္စယေန သတ္ထာ။

အမှာတော်ရှိ၊ ပါဋိအရ၊ ဗုဒ္ဓကိုယ်စား၊ ကျမ်းစာများကို၊ တည်ထားကိုးကွယ်၊ ဗရားတည်(တယ်)၏။ တသွယ်မိန့်ထုတ်၊ **ကျမ်းသံယုတ်**အရ၊ အမတ-ဟူ၊ နိဗ္ဗာန်လှူကို၊ ကြည်ဖြူရွင်လန်း၊ ပေးလှူဒါန်း၏။ အခန်းခန်းအစို့စို့၊ ကောင်းမျို့မင်္ဂလာ၊ အလိမ္မာသည်၊ သုံးဖြာပိဋကတ်၊ စာ၌ ဝပ်ကြောင်း၊ ရှေးထုံးဟောင်းကို၊ ပြန်ပြောင်းဆင်ခြင်၊ ပညာပင်ကို၊ ကြည်လင်ဝမ်းမြောက်၊ ပျိုးစိုက်ဆောက်၏။

ပံ့ထောက်မူလ၊ ဤပုညကြောင့်၊ ဘဝနောင်ခါ၊ ဖြစ်လေရာ၌၊ ပညာကဲလွန်၊ မြတ်မွန်မျိုးဇာတ်၊ လူနှင့် နတ်တည်း။

အတတ်ပညာ၊ တတ်ကောင်းရာကို၊ ရှည်ကြာနေ့,ည၊ မသင်ရဘဲ၊ နားကကြားရုံ၊ မြင်တွေ့ရုံနှင့်၊ ဥဿုံတတ်မြောက်၊ လျှမ်းလျှမ်းတောက်စေ။

မဖောက်မပြန်၊ ယူဖြောင့်မှန်၍၊ ကျမ်းဂန်သဘော၊ မိမိဟောက၊ လိုက်လျောကြစေ။

သူ့ဟောပေလည်း၊ မသွေမလှန်၊ လိုက်နာခံ၍၊ ကျင့်ရန်တရား၊ ကျင့်ဝတ်များကို၊ မခြားဘဝ၊ ဖြည့်ကျင့်ရလို၊ မကောင်းဆိုက၊ အနိဋ္ဌတို့၊ ဝေးမှ ရှောင်သွေ၊ ကြဉ်ဖဲစေတည်း။

ကောင်းလေသမျှ၊ မျိုးကူဌနှင့်၊ နိစ္စတွေ့ဆုံ၊ တွင်း,ပြင်ဂုဏ်လည်း၊ လောက်လုံပြည့်မို၊ ဘဝတိုနှင့်၊ မဂ်,ဖိုလ်အောင်ပန်း၊ ဆွတ်ယူလှမ်းသည်၊ စံမြန်းနိဗ္ဗာန် ဝင်လိုသောဝ်. . . . . ။

ထိမ်တောဆရာတော်၏ အတ္ထုပ္ပတိအကျဉ်းချုပ်

ကန့်ဘလူမြို့နယ်၊ ထိမ်တောရွာ၊ ခမည်းတော် ဦးဇောမိတ်၊ မယ်တော်ဒေါ်ဝိုက်တို့မှ ၁၂၁၇-ခု၊ ဒုတိယဝါဆိုလဆန်း ၁-ရက်နေ့တွင် ဆရာတော်လောင်းလျှာ သတို့သားကို မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ရာဇဂုရုတံဆိပ်တော်ရ အဂ္ဂမဟာလင်္ကာရ သင်္ဂီဇာဆရာတော်၏ တပည့်ရင်းဖြစ်သော ကုဏ္ဍာလဂိုဏ်းထောက်ဆရာတော် ကဝိန္ဒမဟာ-လင်္ကာရ အရှင်မြတ်ထံ ပညာသင်ရန် အပ်နှံကြလေသည်။

၁၆-နှစ်သားအရွယ်သို့ ရောက်သောအခါ ၁၂၃၃-ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ "ရှင်တေဇဝန္တ"ဟု ဘွဲ့မည်သလေသည်။ ကုဏ္ဍာလဆရာတော်ကြီးသည် သာမဏေငယ် ရှင်တေဇဝန္တကို မန္တလေး ရွှေမြို့တော်သို့ ပို့၍ မိမိ၏ဆရာရင်းဖြစ်သော သင်္ဂီဇာဆရာ-တော်ထံ ပညာသင်ရန် ကိုယ်တော်တိုင် အပ်နှံလေသည်။ ၁၂၃၆-ခုနှစ်တွင် မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ရတနာပုံ မန္တလေး ရွှေမြို့တော်သို့ ဒုတိယအကြိမ် ပြန်လည်ကြွ-ရောက်ကာ ယောမင်းကြီးအုတ်ကျောင်းဆရာတော်, သစ်ဆိမ့်ဆရာ-တော်, စံကျောင်းဆရာတော် အစရှိသော ပိဋကတ္တယဆေက ပရိယတ္တိ-ဝိသာရဒ ရာဇဂုရုဆရာတော်ကြီးများထံ နည်းခံကာ သဘာဝ-ဓမ္မဝိနိစ္ဆယ ချမှတ်ခြင်းဆိုင်ရာများကို ဆည်းပူးလေသည်။

သံယိသရ သံယရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီးက ချီးမြှောက် ဆက်ကပ်သော "ဝိနယဓရ ဂဏာစရိယ"ဘွဲ့တံဆိပ်တော်-ကိုလည်းကောင်း ကိုးဂိုဏ်းချုပ် "ဂဏာစရိယဂဏပါမောက္ခ" ဘွဲ့တံဆိပ်-တော်ကိုလည်းကောင်း ၁၂၈၄-ခု၊ ပြာသိုလဆန်း ၁၅-ရက်၊ တနလာနေ့ (၁-၁-၁၉၂၃)တွင် မန္တလေးရွှေမြို့တော်၌ ပဉ္စမမြောက် ကျော့ဘုရင် ဆက်ကပ်-သော "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း လက်ခံရရှိ-တော်မူခဲ့လေသည်။

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤစေတီယပဋိသင်္ခရဏာဝိနိစ္ဆယကျမ်းကြီးကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္ထနိကကုသိုလ်ပြုသော
ဓမ္မဒါန ဒါယကာ

မိဘ, အစ်ကို, အစ်မများကို အမှူးထား၍



ဒါရိုက်တာ (M.F.F. Co., Ltd)

အမှတ် (နှ-၅/၈)၊ ၄၁-လမ်း၊ ၆၃×၆၄-ကြား၊
မဟာမြိုင် (၂) ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

ကောင်းမှု

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤစေတီယပဋိသင်္ခရဏဝိနိစ္ဆယကျမ်းကြီးကို အဆက်မပြတ် ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ ပညာသံဝတ္ထနိကကုသိုလ်ပြုသော ဓမ္မဒါန ဒါယကာ

မိဘ, အစ်ကို, အစ်မများကို အမှူးထား၍

ဦးမျိုးဝင်း

ဒါရိုက်တာ (M.F.F. Co., Ltd)

အမှတ် (နှ-၅/၈)၊ ၄၁-လမ်း၊ ၆၃×၆၄-ကြား
မဟာမြိုင် (၂) ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

ကောင်းမှု